# ပထမအကြိမ်ပြည်သူ့လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# ၁၅ ရက်မြောက်နေ့မှတ်တမ်း (မူကြမ်း)

# (၉-၉-၂၀၁၁)

**အချိန်** ၊၁၀ း ၀၀။

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးမစတင်မီမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက်အရ ကြိုတင်တင်ပြစရာ အကြောင်းအရာတစ်ခုရှိပါတယ်။ ကျွန်တော်တို့ ဒီကနေ့ ကြိုတင်ဖြန့်ဝေထားတဲ့ ၁၂-၉-၂၀၁၁ ရက်နေ့ အစီအစဉ်လျာထားချက်မှာပါရှိတဲ့ အစီအစဉ် ၁၀၊ ၁၁၊ ၁၂ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းနဲ့ပတ်သက်လို့ ဆွေးနွေးမှုများကို ဆောင်ရွက်မယ့်ရက်ကို လုပ်ငန်း လိုအပ်ချက်အရ ထပ်မံရွှေ့ဆိုင်းထားတဲ့အတွက် ထပ်မံအသိပေးတင်ပြပါ့မယ်။ ကိုယ်စားလှယ်များ အနေနဲ့ ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့ ပြင်ဆင်ချက်အဆို ထပ်မံတင်သွင်းလိုသူများရှိရင် မနက်ဖြန် စနေနေ့ ညနေ ၁၆း၀၀ နာရီ ညနေ ၄ နာရီအချိန်အထိ ပေးပို့နိုင်ကြောင်း၊ ပေးပို့တဲ့အခါမှာလည်း ပြင်ဆင်ချက်ပါရှိသောအဆိုများကို ပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ စာသား တိတိကျကျ ဖော်ပြပြီးတော့မှ ကျွန်တော်တို့ဆီက ပေးအပ်တဲ့ပုံစံမှာ ဖြည့်သွင်း၍သော်လည်းကောင်း၊ ပုံစံမှာထက် ပိုမိုလိုအပ်ရင် ပူးတွဲသီးခြားစာရွက်နှင့်သော်လည်းကောင်း ပေးပို့ကြရန် လေးစားစွာ အသိပေးတင်ပြ အပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၅ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ကျင်းပတဲ့ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၈၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေ

စုစုပေါင်းရဲ့ ၉၆.၇၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ**။ ။ ယခု ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဗိုလ်မှူးထူးအောင်(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် လေ ၂၁၉၅ ဗိုလ်မှူးထူးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် လေ ၂၁၈၄ ဗိုလ်မှူးအောင်မြတ်တိုးကိုယ်စားခွင့်တိုင်ကြားမှာဖြစ်ပါတယ်ခင်ဗျား။ ဗိုလ်မှူးအောင်မြတ်တိုး သည် ၈-၉-၂၀၁၁ ရက်နေ့တွင် တုပ်ကွေးဖျားနာမှုဖြစ်သဖြင့် ကျန်းမာရေးဆပ်ကော်မတီသို့ သွားရောက်ပြသရာ ဆေးမှူးမှ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် ၁၀၀၀ သို့ တက်ရောက်ကုသရန် ညွှန်ကြားခဲ့သဖြင့် ယနေ့ ၉-၉-၂၀၁၁ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တက်ရောက်နိုင်ခြင်းမရှိပါသဖြင့် ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ဗိုလ်မှူးအောင်မြတ်တိုးကိုယ်စား ခွင့်တိုင်ကြားခြင်း ဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းသည် ၎င်း၏ဇနီး ကျန်းမာရေးစစ်ဆေးရန် လိုက်ပါဆောင်ရွက်ရမည်ဖြစ်ပါ၍ ယနေ့ ၉-၉-၂၀၁၁ ရက်နေ့အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ၎င်း၏ကိုယ်စား ကျွန်တော်မှ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ရသေ့တောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေနှင့် ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုတို့၏ကိုယ်စား ခွင့်တိုင်ကြားပေးမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေသည် ယမန်နေ့ ညက

အအေးမိတုပ်ကွေးဖြစ်ကာ စည်ပင်ဧည့်ရိပ်သာရှိဆေးခန်း၌ ဆေးကုသမှုခံယူပြီး ဧည့်ရိပ်သာဆောင်တွင် အနားယူနေရပါတယ်ရှင်။ အလားတူပင် ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းဝါနုသည် ယမန်နေ့ညက အအေးမိဖျားကာ သွေးပေါင်ကျသဖြင့် နေပြည်တော်ရှိ ခုတင် ၁၀၀၀ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးအား ယနေ့ ၉-၉-၂၀၁၁ ရက် (သောကြာနေ့) ကို ခွင့်အဖြစ်တစ်ရက်သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဦးဘရှိန် (ကျောက်ဖြူမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်က ကျောက်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံကိုယ်စား ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှု အမှတ်(၈/၂၀၁၀) ဆုံးဖြတ်ချက်ချမှတ်မည့် ရုံးချိန်းသို့ သွားရောက်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ယနေ့ ၉-၉-၂၀၁၁ တစ်ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးအောင်ကျော်ဇံကိုယ်စား ခွင့်ပန်ကြားအပ်ပါ တယ်။

**ဦးဝင်းကို (ဆီဆိုင်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့၊ ဆီဆိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို ဖြစ်ပါတယ်။ ဟိုပုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေသည် နေမကောင်းသေးပါသဖြင့် ဆက်လက် ဆေး ကုသနေရပါသည်။ ထို့ကြောင့် ဦးခွန်သိန်းဖေအား ယနေ့ ၉-၉-၂၀၁၁ တစ်ရက်အား ခွင့်တစ်ရက် ထပ်မံခွင့်ပြုပေးပါရန် ဦးခွန်သိန်းဖေကိုယ်စား လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက် ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမ ဦးစွာ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညိုအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၆)၊ ပုဒ်မ ၂၉၄ ဖြင့် နိုင်ငံတော်၏အမြင့်ဆုံးတရားရုံး ဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ဖွဲ့စည်းပေးခဲ့ပြီး ပုဒ်မ ၂၉၅ ဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ မူလစီရင်ပိုင်ခွင့်အာဏာများကိုလည်း အပ်နှင်းထားပြီးဖြစ်သလို ပုဒ်မ ၂၉၆(က)တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အောက်ဖော်ပြပါ စာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့်အာဏာရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရပါတယ်။ ၎င်းတို့မှာ ရှေ့တော်သွင်း စာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်ပေး စာချွန်တော်အမိန့်၊ အမှုခေါ်စာချွန်တော်အမိန့်တို့အား ထုတ်ပိုင်ခွင့်အာဏာများ အပ်နှင်းထားသည်ကို တွေ့ရပါတယ်။ အဆိုပါ အထက်ဖော်ပြပါ စာချွန်တော်အမိန့်များ၊ ထုတ်ဆင့်ခြင်း နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် မည်ကဲ့သို့ဆောင်ရွက်လျက်ရှိကြောင်းကို သိလိုပါတယ်။ ထို့ကြောင့် အဆိုပါအချက်အား ဖြေကြားပေးပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဉာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်၏ မေးခွန်းအား အချိန်ကိုငဲ့ညှာသောအားဖြင့် မူလတင်ပြထားသည့် မေးခွန်း စာသားကို အကျဉ်းချုံးပြီး မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံသားများ တစ်ဦးနှင့်တစ်ဦး ဆက်ဆံကြရာတွင် ချေးငွေရလိုမှု၊ ကြွေးမြီပြန်ရလိုမှု၊ ပစ္စည်းရလိုမှုနှင့် ကတိပဋိညာဉ် ဖောက်ဖျက်မှုများပေါ်ပေါက်၍ ညှိနှိုင်းပြေလည်မှုမရရှိကြပါက တရားလိုဖြစ်သူအနေဖြင့် တရားစွဲအဖွဲ့အစည်းတို့ ပြစ်မှုကြောင်းအရ တရားခံအပေါ် အရေးယူပေးရန် တိုင်တန်းလာလျှင် တရားစွဲအဖွဲ့အစည်းမှ တာဝန်ရှိသူက တရားစွဲပေးခြင်း၊ တရားမစွဲမီ ဥပဒေအကြံပြုချက် တောင်းခံလာပါကလည်း ဥပဒေအကြံပေးသည့် ဥပဒေအရာရှိအနေဖြင့် ပြစ်မှုကြောင်းဖြင့် တရားစွဲဆိုရန်ဥပဒေအကြံပေးခြင်းများကြောင့် တရားရုံးများတွင်တရားမကြောင်းဖြင့် တရားစွဲဆိုရမည့် အမှုများကို ပြစ်မှုကြောင်းဖြင့် တရားစွဲဆိုမှုများ ရှိနေသဖြင့် တရားမမှုစွဲဆိုရမည့်ကိစ္စဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါလျက် ပြစ်မှုကြောင်းဖြင့် တရားစွဲဆိုခြင်းမျိုး မဖြစ်ပေါ်စေရန်အတွက် တိုင်ကြားသူရှိလာပါက သက်ဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်မှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ပြည်ထောင်စုတရားသူကြီးချုပ် မှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး (ပြည်ထောင်စုတရားသူကြီးချုပ်၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားသူကြီးချုပ်ဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှစတင်၍ ယနေ့အထိ စာချွန်တော်အမိန့်ထုတ်ပေးရန်လျှောက်ထားခဲ့သော တရားမအထွေထွေလျှောက်ထားမှုမှာ ၁၅ မှုနှင့် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်ထားမှု ၁ မှု၊ စုစုပေါင်း ၁၆ မှုရှိပါတယ်။ တရားမအထွေထွေလျှောက်ထားမှု ၁၅ မှုမှာ အမှုခေါ်စာချွန်တော်အမိန့် လျှောက်ထားမှု ၁၀ မှု၊ အာဏာပေးစာချွန်တော်အမိန့် လျှောက်ထားမှု ၂ မှု၊ တားမြစ်စေစာချွန်တော်အမိန့်နဲ့ အမှုခေါ်စာချွန်တော်အမိန့်လျှောက်ထားမှု ၁ မှု၊ အာဏာပေးစာချွန်တော်အမိန့် သို့မဟုတ် အမှုခေါ်စာချွန်တော်အမိန့် လျှောက်ထားမှု ၁ မှု၊ အမှုခေါ်စာချွန်တော်အမိန့်နဲ့ အာဏာပေးစာချွန်တော်အမိန့်လျှောက်ထားမှု ၁ မှု တို့ဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာအထွေထွေ

လျှောက်ထားမှု ၁ မှု မှာ အမှုခေါ်စာချွန်တော်အမိန့်နဲ့ တားမြစ်စေစာချွန်တော်အမိန့် လျှောက်ထားမှုဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားခဲ့သော စာချွန်တော်အမိန့်ထုတ်ပေးရန်လျှောက်ထားမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့် လျှောက်ထားမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းမေးမြန်းထားတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားပါမယ်။ တရားရုံးသို့ တရားစွဲတင်ပို့သော ပြစ်မှုဆိုင်ရာမူလမှုများတွင် တရားစွဲအဖွဲ့အစည်းမှ တရားစွဲဆိုတင်ပို့သောအမှုနှင့် ဦးတိုက်လျှောက်ထားစွဲဆိုသောအမှုဆိုပြီးတော့ နှစ်မျိုးရှိပါတယ်။ တရားစွဲအဖွဲ့အစည်းက တရားစွဲတင်ပို့သောအမှုတွင်လည်း အမှုစစ်ဆေးသည့်အခါ စွဲချက်တင်စစ်ဆေးနိုင်လောက်သည့် မြင်သာသောအချက်အလက် Primerfact ပေါ်ပေါက်ခြင်းမရှိလျှင်ဖြစ်စေ၊ တရားမကြောင်းအရ စွဲဆိုရမည့်အမှုဖြစ်ပါလျက် ပြစ်မှုကြောင်းအရ စွဲဆိုခြင်းဖြစ်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ စွပ်စွဲခံရသူအား မလိုအပ်ဘဲ ဖြေရှင်းနေစေရခြင်းမျိုးမဖြစ်စေရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃/၁ သို့မဟုတ် ၂၅၃/၂ အရ စွဲချက်မတင်ခင်လွှတ်သည့်အမိန့်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဦးတိုက်လျှောက်ထားစွဲဆို ထားသောအမှုတိုင်းပင် တိုင်လျှောက်သူ၏ တိုင်လျှောက်ချက်ကိုအခြေခံကာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ တိုင်လျှောက်သူတရားလိုကို စစ်ဆေးပြီး၊ တိုင်လျှောက်သူတရားလိုရဲ့ လျှောက်ထားချက်၊ စစ်ဆေးချက်တို့ကိုအခြေခံကာ စဉ်းစားဆင်ခြင်ပြီး ပြစ်မှုကြောင်းဖြင့် အရေးယူ သင့်၊ မသင့်ကိုဆုံးဖြတ်ရပါတယ်။ တိုင်လျှောက်သူများအနေဖြင့် ပကတိဖြစ်ရပ်မှန်ကိုထိမ်ချန်ပြီး တိုင်လျှောက်မှုများလည်းရှိနိုင်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ တိုင်လျှောက် သူအား စစ်ဆေးသည့်အပြင် သက်ဆိုင်ရာရဲစခန်းသို့ တိုင်လျှောက်ချက်မှာမှန်၊ မမှန် သိသာရန်အလို့ငှာ စုံစမ်းစစ်ဆေးထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်းပြုရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ အရ စုံစမ်းစစ်ဆေးခြင်းကိုလည်း ဆောင်ရွက်ရပါတယ်။ စုံစမ်းစစ်ဆေးချက်များ တင်ပြလာသည့်အခါ တိုင်လျှောက်သူတရားလိုအား တရားရုံးမှစစ်ဆေးသည့် စစ်ဆေးချက်နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ အရ စုံစမ်းစစ်ဆေးအစီရင်ခံချက်တို့ကို ပေါင်းစပ်စဉ်းစားဆင်ခြင်ပြီး ပြစ်မှုကြောင်းဖြင့် ဆက်လက်စစ်ဆေးရန် လုံလောက်သည့် အခြေအမြစ်မရှိကြောင်းတွေ့ရလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ ပလပ်သည့်အမိန့်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးတိုက်လျှောက်ထားစွဲဆိုသောအမှုများတွင် ပကတိဖြစ်ရပ်မှန်ကိုထိမ်ချန်ပြီး ပြစ်မှုတစ်ရပ်ရပ်ဖြင့်အရေးယူ၍ရနိုင်သမျှကိုသာ ကွက်ပြီးတိုင်တန်းခြင်းများ၊ ထွက်ဆိုခြင်းများလည်းရှိနိုင်ပါတယ်။ အမှုအား စစ်ဆေးသည့်အခါတွင်မှ ထိမ်ချန်ထားသည့် အရေးကြီးသောအချက်များပေါ်ပေါက်လာသဖြင့် စွပ်စွဲခံရသူကအမှုအားချေဖျက်ပေးရန် လျှောက်ထားလာသည့်အခါ ဦးတိုက်လျှောက်ထားမှုသည် ပြစ်မှုမမြောက်နိုင်ကြောင်း၊ ပြစ်မှုကြောင်းအရ အရေးယူနိုင်လောက်သည့် အခြေအနေမရှိကြောင်း တွေ့ရှိရလျှင် တရားစီရင်ရေးယန္တရားကို အလွဲသုံးစားပြုရာရောက်ခြင်းမှ ကာကွယ်ရန်အလို့ငှာလည်းကောင်း တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းခြင်းမှ ကာကွယ်ရန်အလို့ငှာလည်းကောင်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁(က)ပါ မူလဘူတအာဏာကို ကျင့်သုံး၍အမှုအားချေဖျက်သည့် အမိန့် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁(က) ပါ မူလဘူတအာဏာကို ယခင် တရားရုံးချုပ်ကသာကျင့်သုံးသော်လည်း ယခုအခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များက ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ပြစ်မှုကြောင်းအရတရားစွဲဆိုသည့် အမှုများတွင်တရားရုံးသို့အမှုမတင်မီ အမှုတည်ဆောက်သောအပိုင်းသည် တရားစွဲအဖွဲ့အစည်းများနှင့်သာ သက်ဆိုင်ပါတယ်။ အမှုကိုတရားရုံးသို့တင်သည့်အခါတွင်မှ အမှုကိစ္စမှာတရားရုံးနှင့်သာ သက်ဆိုင်ပါတယ်။ ပြစ်မှုကြောင်းအရ တရားစွဲ သင့်၊ မသင့် ကိစ္စနှင့်စပ်လျဉ်း၍ အမှုတည်ဆောက်ရာတွင် လည်းကောင်း၊ တရားစွဲဆိုစစ်ဆေးသည့်အခါတွင်လည်းကောင်း စစ်ဆေးခွင့်ရရှိကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တရားမကြောင်းအရ စွဲဆိုရမည့်ကိစ္စဖြစ်ပါလျက် ပြစ်မှုကြောင်းအရ စွဲဆိုနေခြင်းမျိုးမဖြစ်ပေါ်စေရေးနှင့် ထိုသို့စွဲဆိုခြင်းဖြင့် စွပ်စွဲခံရသူများအဖို့ မလိုလားအပ်ဘဲ ဖြေရှင်းစေရမည့်ကိစ္စရပ်များ မဖြစ်ပေါ်စေရန် တရားရုံးများအပိုင်းမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်စိုး(နတ်မောက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ လွှတ်တော်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး ဖြစ်ပါတယ်။ ကျွန်တော် တင်ပြဆွေးနွေးမယ့် အကြောင်း

အရာကတော့ ကျွန်တော်တို့နတ်မောက်မြို့နယ်ဟာ နဂိုကလမ်းပိတ်နေတဲ့ မြို့တစ်မြို့ဖြစ်နေခဲ့ရာက ယခုအခါမှာ နတ်မောက်မှ မကွေးသို့လည်းကောင်း၊ နတ်မောက်မှ မိတ္ထီလာသို့လည်းကောင်း၊ နတ်မောက်မှ ကျောက်ပန်းတောင်းသို့လည်းကောင်း၊ နတ်မောက်မှ ပျော်ဘွယ်သို့လည်းကောင်း၊ နတ်မောက်မှ မြို့သစ်သို့လည်းကောင်း လမ်းကြောင်းများ ကတ္တရာလမ်းအဆင့်တိုးမြှင့်ခဲ့ပြီးတော့ လမ်းဆုံမြို့တစ်မြို့ကဲ့သို့ဖြစ်လာခဲ့ပါတယ်။ အထူးသဖြင့်ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်မှ မော်တော်ယာဉ်များလည်း သွားလာလျက်ရှိတာကို တွေ့ရှိနေရပါတယ်။ မကွေး-ကံမ- နတ်မောက်-ရွာမွန်-ပျော်ဘွယ် လမ်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့တဲ့အတွက်လည်း ဒေသခံပြည်သူများအနေနဲ့ အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်ခင်ဗျား။ နိုင်ငံတော်က နတ်မောက်-ပျော်ဘွယ်လမ်းပေါ်မှာရှိတဲ့ ကျားဖူးချောင်းတံတား တည်ဆောက်နေတဲ့အတွက်လည်း ဒေသခံပြည်သူများ ကျေနပ်အားရဝမ်းသာ ပီတိဖြစ်နေကြောင်း တင်ပြအပ်ပါတယ်။ ဒါပေမယ့် နတ်မောက်-မကွေး ဆက်သွယ်သောလမ်းပိုင်းမှ သက္ကယ်ချင်းချောင်း ရေကျော်နှင့်တံခွန်တိုင်ချောင်းခေါ် ရေဝင်ချောင်းမှာလည်းကောင်း၊ နတ်မောက်-ပျော်ဘွယ် ဆက်သွယ်သောလမ်းပိုင်းမှ လေးအိမ်ချောင်း၊ ဝါးကုတ်ချောင်းနဲ့ ကျွဲမကျချောင်းတို့မှာလည်းကောင်း ကွန်ကရစ်ရေကျော်များတည်ဆောက်ရန် ကျန်ရှိနေပါသေးတယ်ခင်ဗျား။ အထူးသဖြင့် တင်ပြရမယ်ဆိုရင် နတ်မောက်-မကွေးလမ်းပိုင်းမှ တံခွန်တိုင်ချောင်း ခေါ်ရေဝင်ချောင်း၊ နတ်မောက်-ပျော်ဘွယ်လမ်းပိုင်းမှ ဝါးကုတ်ချောင်းနှင့် ကျွဲမကျချောင်းများမှာသွားလာသော မော်တော်ယာဉ်များအား အတော်ဒုက္ခပေးတဲ့ချောင်းတွေဖြစ်ပါတယ်။ နွေအခါမှာပဲ သဲကျွံ၊ သဲနစ်တဲ့ ချောင်းများဖြစ်ကြတဲ့အတွက်၎င်း ချောင်းများအတွက် အဆင့်တိုးမြှင့်ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ သိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မဲဆန္ဒနယ်ကကိုယ်စားလှယ် ဦးကျော်နိုင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တံတားတည်ဆောက်ပေးရန် ကိစ္စနှင့်စပ်လျဉ်းပြီးတော့ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးဟာ ယခင်က ကတ္တရာလမ်းမကြီးဖြစ်ပါတယ်။ ဒါ့ကြောင့်လည်းပဲ မန္တလေးမြို့နှင့် မြစ်ကြီးနားမြို့များ ဘတ်(စ်)ကားများပင်ပြေးဆွဲနိုင်ခဲ့ပါတယ်။ ယနေ့အခါမှာတော့ လမ်းပိုင်းအချို့နေရာများမှာ အမာခံ

ကျောက်သား အဆင့်သို့လျှော့ကျလျက်ရှိနေပါတယ်။ သို့သော်လည်းပဲ ကူးသန်းသွားလာမှုကတော့ဖြင့် များပြား သထက်များပြားလာနေဆဲပဲ ဖြစ်ပါတယ်။ ဒီလမ်းမကြီးပေါ်မှာ တံတားမတည်ဆောက်ရသေး တဲ့ချောင်းတွေရှိနေပါသေးတယ်။ ကျွန်တော်တို့ အင်းတော်မြို့နယ် တစ်မြို့နယ်တည်းမှာပင်လျှင် ဆော်မှော်ချောင်း၊ နားရခေါင်ချောင်း၊ နမ့်မွမ်းချောင်း၊ ခွန်နန်းချောင်း၊ နမ့်တဲချောင်း အစရှိတဲ့ချောင်း တွေကို မော်တော်ကားများဟာ ချောင်းထဲကိုဆင်းပြီး ဖြတ်သန်းမောင်းနှင်ကြပါတယ်။ ဒါကြောင့် ပွင့်လင်းရာသီမှာပင်လျှင် အခက်အခဲများတွေ့ကြရပြီး အချို့အခါများမှာ မော်တော်ကားများ ချောင်း အတွင်း သဲကျွံ၊ သဲနစ်ခြင်းတွေဖြစ်ကြရပါတယ်။ ယခုကဲ့သို့ မိုးရာသီကာလများမှာတော့ ဖြစ်ရင် နေ့စဉ်နီးပါး ချောင်းတွေမှာ ရေတွေပြည့်လျှံနေတဲ့အတွက် ချောင်းရေကျအောင် အချိန်သုံးနာရီ၊ လေးနာရီခန့်ပေးပြီးတော့ စောင့်ဆိုင်းကြရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ဒီချောင်းတွေမှာ တံတား တည်ဆောက်ဖို့ရာ အခက်အခဲများ ရှိကောင်းရှိနိုင်ပါတယ်။ သို့ပါသော်လည်းပဲ ဒီပြည်ထောင်စု လမ်းမကြီးဟာ မြန်မာပြည်မြောက်ဖျားဒေသနဲ့ဆက်သွယ်တဲ့ အဓိကလမ်းမကြီးတစ်ခုဖြစ်တဲ့အတွက် အဆင့်မြှင့်တင်တံတားများ တည်ဆောက်လိုက်မယ်ဆိုရင်တော့ဖြင့် ကူးလူးဆက်ဆံမှုများကောင်းမွန်၊ ပြည်ထောင်စုဖွားအချင်းချင်းပိုမိုထိတွေ့၊ အပြန်အလှန်နားလည်မှုများ တိုးတက်ချစ်ကြည်ရင်းနှီး သထက်ရင်းနှီးလာကြမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းမကြီးအဆင့်မြင့်ဖို့ကိစ္စဟာ အထူးဦးစားပေး စဥ်းစား ဆောင်ရွက်သင့်တဲ့အတွက် ကျွန်တော့်အနေနဲ့ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး ပေါ်ရှိတဲ့ တံတားမတည်ဆောက်ရသေးသော ချောင်းများပေါ်တွင် တံတားများတည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိသိလိုပါကြောင်း မေးမြန်းလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မြင့်(တန့်ဆည်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် မေးခွန်းများဖြေဆိုရန်ရောက်ရှိနေကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ချစ်ကြည်ရင်းနှီးရပါသော ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး နိုင်ငံတော်အကျိုး၊ ပြည်သူများအကျိုးကို ဆတက်ထမ်းပိုးတိုးပြီး ထမ်းဆောင်ကြပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဒေသဖွံ့ဖြိုးရေးနဲ နိုင်ငံတော်အတွက်အကျိုးဖြစ်ထွန်း စေမယ့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦး၊ တန့်ဆည်၊ ကလေးဝမြို့နယ်များကို ဖြတ်သန်းဖောက်လုပ်ထားတဲ့ ရေဦး-တန့်ဆည်-ကလေးဝလမ်းဟာ ၁၀၅ မိုင်

၄ ဖာလုံရှည်ပြီး ၁၉၆၂-၁၉၆၃ မှစ၍ စတင်ဖောက်လုပ်ပြီး ၁၉၆၈-၁၉၆၉ ခုနှစ်များမှာ ရာသီမရွေး သွားလာနိုင်တဲ့လမ်းအဖြစ် ပြီးစီးခဲ့ပါတယ်။ တစ်ချိန်က အိန္ဒိယနယ်စပ်နှင့် ကူးသန်းရောင်းဝယ်ရေး အတွက် အဓိကလမ်းမကြီးဖြစ်ခဲ့ပါတယ်။ ရေဦး-တန့်ဆည်-ကလေးဝလမ်းမကြီးပေါ် မိုင်တိုင် ၈၂၊ သက္ကယ်ကျင်းရွာမှ သက္ကယ်ကျင်း-ဖောင်းပြင်၊ ဟုမ္မလင်း-ခန္တီး မဟာဗျူဟာခွဲထွက်လမ်းမကြီးလည်းရှိ ပါတယ်။ ယခုအချိန်မှာတော့ ၎င်းလမ်းများဟာ ယိုယွင်းပျက်စီးနေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဦး-တန့်ဆည်-ကလေးဝလမ်းမ ကြီး ယခုထက်ပိုမိုကောင်းမွန်ပြီး ရာသီမရွေးသွားလာနိုင်အောင် ပြင်ဆင်ပေးဖို့ ဒေသခံ ပြည်သူများမှ မျှော်လင့်နေကြပါတယ်။ သို့ပါ၍ ၎င်းလမ်းပိုင်းအား ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီ အစဉ် ရှိ၊ မရှိသိလိုပါကြောင်း မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဦး(ရေဦးမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြ ပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ ရွှေဘိုခရိုင်အတွင်းရှိ ရေဦး၊ ခင်ဦး၊ တန့်ဆည်မြို့များသည် ဆန်စပါးအဓိကစိုက်ပျိုး ထုတ်လုပ်သော မြို့နယ်များဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်သော ဆန်များကို ဆန်လိုဒေသဖြစ်သော မုံရွာခရိုင်သို့ နေ့စဉ် ဆန်အိတ်ပေါင်း ၃၀၀၀ မှ ၅၀၀၀ အထိ ဒိုင်နာမော်တော်ယာဉ်များဖြင့် အစီးရေ ၅၀ ခန့်တင်ပို့ရောင်းချရပါတယ် ခင်ဗျား။ ဒိုင်နာမော်တော်ယာဉ်များ၏ တင်ဆောင်နိုင်သောဝန် အင်အား မှာဆန်အိတ် ၁၀၀၊ ငါးတန်ခန့် ဖြစ်ပါတယ်။ ယာဉ်နဲ့ကုန်တန်ချိန် ခုနှစ်တန်ခန့် ဖြစ်ပါတယ်။ သွားလာနေရသည့် လမ်းတံတားများ၏ခွင့်ပြုချက်တန်ချိန်မှာ ၁၃ တန်ဖြစ်ပါတယ်။ လမ်းတံတားများ၏ ခွင့်ပြုတန်ချိန်အတွင်းမှသာ သယ်ယူပို့ဆောင်ခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းတံတားဂိတ်များတွင် သတ်မှတ်ကောက်ခံကြေးထက် အပိုကြေးများပေး၍ ဆန်များတင်ပို့သွား လာနေကြရပါတယ်။ ယခင်ဆန်တစ်အိတ်ကားဖြင့် သယ်ယူစရိတ် ၄၀၀ ကျပ်ရှိရာမှာ ယခု အပိုကြေး များပေးရသဖြင့် ၅၀၀ ကျပ်အထိပေးနေကြရပါတယ်။ သို့ပါ၍ အပိုကြေးပေးဆောင်ရခြင်းနဲ့ ပတ်သက် ၍သယ်ယူပို့ဆောင်ရေးစရိတ် ကြီးမြင့်နေမှုအား မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့်

ပြန်လည်ဖြေကြားပေးနိုင်ပါရန် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကျန်းမာ၊ ချမ်းသာပြီး လိုအင်ဆန္ဒများပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်ရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းဖြစ်ပါတယ်ရှင်။ ကျွန်မတင်ပြမယ့် မော်လမြိုင်-ရေး ကားလမ်းမကြီးသည် ပြည်ထောင်စုလမ်းမကြီးတစ်စင်းဖြစ်ပါတယ်ရှင်။ ဒီလမ်းမကြီးသည် မွန်ပြည်နယ်ကနေတနင်္သာရီတိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့အထိဆက်သွယ်ထားသော လမ်းမကြီးတစ်စင်း ဖြစ်ပါတယ်ရှင်။ ယင်းလမ်းမကြီးသည် မော်လမြိုင်မြို့ကနေ သံဖြူဇရပ်မြို့အထိ အဆင်ပြေချောမွေ့စွာသွားလာနိုင်သော်လည်း သံဖြူဇရပ်မြို့မှစ၍ ရေးမြို့နယ်အထိကို ကောင်းမွန်စွာမသွားလာနိုင်တော့ပါ။ ယင်းလမ်းမကြီးသည် လုံးဝပြုပြင်မှုမရှိဘဲ အစဉ်အဆက်မပြတ်အသုံးပြုနေသဖြင့် ချိုင့်ခွက်အဖြစ်ကနေချောက်အဖြစ်သို့ ရောက်ရှိသွားခဲ့ပါတယ်ရှင်။ ဒီလမ်းမကြီးကို ရဟန်းရှင်လူများ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ တောင်ယာစိုက်ပျိုးသူများ၊ အလုပ်သမားများ၊ ကုန်သည်များစသဖြင့် ပြည်သူတစ်ရပ်လုံးအသုံးပြုနေရသော လမ်းမကြီးတစ်စင်းဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ဒီလမ်းကလွဲရင်လည်း တခြားကားလမ်းအနေဖြင့် အသုံးပြုဖို့လမ်းမရှိ တော့ပါဘူး။ ဒီပျက်စီးယိုယွင်းနေသောလမ်းကိုပဲ အန္တရာယ်ပေါင်းမြောက်များစွာ ကြားမှာ ဆက်လက် အသုံးပြုနေရပါတယ်ရှင်။ ဥပမာတစ်ခုပြရရင် ကျွန်မတို့မြို့နယ်အတွင်းမှာနေထိုင်သော ပြည်သူတစ် ဦးဦးအရေးပေါ်လူနာအဖြစ် မော်လမြိုင်ဆေးရုံကြီးသို့ ချက်ချင်းတင်ပို့ရန်လိုအပ်လာရင်လည်း ဒီလမ်းမကြီးကိုပဲ အားကိုးနေရပါတယ်ရှင်။ ယင်းလမ်းမကြီးသည် ကျဉ်းမြောင်း၍ ကားနှစ်စီးရှောင်ရှားရင်း မကြာခဏတိမ်းမှောက်မှုများ ဖြစ်ပွားလျှက်ရှိတာကိုတွေ့ရှိရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ကုန်ပစ္စည်းတွေလည်း အဆမတန်ဈေးတက်၍ ကုန်ဈေးနှုန်းလည်းကြီးမြင့်လာခဲ့ရပါတယ်ရှင်။ အထူးသဖြင့် မှန်လုံကားနဲ့ ကုန်တင်ကားကြီးများ မကြာခဏတိမ်းမှောက်မှုများဖြစ်ပွားလျက်ရှိနေပါတယ်။ ယင်းကားလမ်းသည် ပြုပြင်မှုမရှိသော်လည်း ဂိတ်ကြေးများကိုတော့ တစ်ရက်မှရပ်နားခြင်းမရှိဘဲ ပုံမှန်ကောက်ခံလျက်ရှိသည်ကိုလည်း လေ့လာသိရှိရပါတယ်ရှင်။ ကျွန်မတို့လမိုင်းမြို့နယ်ခွဲမှရေးမြို့နယ်အထိ မိုင် ၂၀ ကျော် အတွင်း

မှာ ငါးဂိတ်ခန့် ကောက်ခံလျက်တွေ့ရှိရပါတယ်။ ရေးမြို့အဝင်ဂိတ်ကြေးကောက်ခံရာတွင် ဆိုင်းဘုတ်ထောင်၍ သတ်မှတ်ထားသောဂိတ်ကြေးထက် နှစ်ဆခန့်တိုးမြင့်ကောက်ခံ လျက်ရှိနေသည်ကိုလည်း လေ့လာတွေ့မြင်နေရပါတယ်ရှင်။ ဒါကြောင့် ပြည်သူများရဲ့ နေ့စဉ်ခံစားနေရသောဒုက္ခအပေါင်းကို နိုင်ငံတော်အနေနဲ့ မေတ္တာစေတနာထားပြီး ပြုပြင်ပြင်ဆင်ဖို့ အစီအစဉ်များရှိပါသလားဆိုတာကို မေးခွန်းများမေးချင်ပါတယ်ရှင်။ ဒီမေးခွန်းများကိုလည်း ပြည်သူတွေရဲ့ကိုယ်စား ကျွန်မက မေးခွန်းတင်ပြတာဖြစ်ပါတယ်ရှင်။ နံပါတ် (၁) မေးခွန်းက သံဖြူဇရပ်မြို့မှ ရေးမြို့အထိ အသုံးပြုနေရသော မော်တော်ကားလမ်းမကြီးသည် ချိုင့်မဟုတ်တော့ဘဲ ချောက်အဖြစ်သို့ရောက်ရှိနေသည်ကို သိရှိပါသလား။ နံပါတ် (၂) ယင်းကားလမ်းကို ပြုပြင်ဖို့အစီအစဉ်ရှိပါသလား။ နံပါတ် (၃) မေးခွန်းက ယင်းမြို့နယ်အတွင်းမှာပင် ဂိတ်ကြေးငါးဂိတ်ခန့် အစဉ်အဆက်မပြတ်ကောက်ခံလျက်ရှိနေသည်ကို သိရှိပါသလား။ နံပါတ် (၄) ၎င်းကောက်ခံရရှိသော ဂိတ်ကြေးများကို လမ်းပြုပြင်ခြင်းမရှိဘဲ မည့်သည့်နေရာတွင်အသုံးပြုနေသည်ကို သိရှိပါသလား။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ပျော်ဘွယ်မြို့အနောက်ဘက် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးနှင့် ပျော်ဘွယ်-နတ်မောက်မကွေးလမ်းဆုံရာတွင် အဝေးပြေးလမ်းမကြီးပေါ်သို့ သွားလို့မရအောင် ပိတ်ဆို့ထားတာရှိပါတယ်ခင်ဗျား။ ယင်းလမ်းဆုံမှ ရန်ကုန်သို့ ၂၆၂ မိုင်ကွာဝေးပါတယ်ခင်ဗျား။ ပျော်ဘွယ်မှ အဝေးပြေးလမ်းဆုံသို့ ၁၇ မိုင် စုစုပေါင်း ၂၇၉ မိုင်သာ ရှိပါတယ်ခင်ဗျား။ ရန်ကုန်သို့ ပျော်ဘွယ်ကနေသွားမယ်ဆိုရင် ၃၄ မိုင်သက်သာပါတယ်ခင်ဗျား။ ယခင်က ရန်ကုန်-ပျော်ဘွယ် မူလလမ်းဟောင်းဟာ ၃၁၃ မိုင် ကွာဝေးပါတယ်ခင်ဗျား။ ယင်းလမ်းကို ရှမ်းပြည်မှလာတဲ့ကားများ ပျော်ဘွယ်လမ်းဆုံမှတစ်ဆင့် အသုံးပြုနိုင်တဲ့အတွက် ခရီးတိုသွားမယ်ဖြစ်ပြီးတော့ အသုံးပြုတဲ့ယာဉ်တွေများလာရင် ခရီးမိုင်လျော့တဲ့အတွက် နိုင်ငံတော်အတွက် စက်သုံးဆီကုန်ကျမှုတော်တော်များများသက်သာသွားမှာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးအတွက် ရည်ရွယ်ချက်ကိုလည်း အထောက်အကူပြုမှာဖြစ်ပါတယ်။ အခြားမြို့များတွင် အဝေးပြေးလမ်းမကြီးနှင့်ဆုံသောနေရာတွင် ဆက်သွယ်ပေးထားခြင်းများလည်းရှိ

သည်ဟုသိရပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ပျော်ဘွယ်မြို့အနောက်ဖက် အဝေးပြေးလမ်းမကြီးရဲ့ မိုင်တိုင်အမှတ် ၂၆၂ နှင့် ပျော်ဘွယ်-နတ်မောက်-မကွေးလမ်းသို့ ဆက်သွယ်ပေးနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။ သို့သော်လည်းပဲ ယခု ကျွန်တော်မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်လို့ ယခုအခါမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေပြီလို့သိရတဲ့အတွက် ပြည်သူလူထုကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ သို့သော်လည်းပဲ ယခင်ကလမ်းမကြီးနဲ့ ဆက်သွယ်ထားတဲ့လမ်းဟောင်း ရှိပါတယ်ခင်ဗျား။ အဲဒီလမ်းဟောင်းက ကောင်းလည်းကောင်းပါတယ်ခင်ဗျား။ ယခုအချိန်မှာ ကျောက်ငုပ်များစိုက်ပြီးတော့ ပိတ်ထားတာရှိပါသေးတယ်ခင်ဗျား။ လူစီးကားငယ်များ၊ လူစီးမှန်လုံယာဉ်များသာသွားမှာဖြစ်လို့ လမ်းပျက်ဖို့လည်း မရှိနိုင်ပါဘူးခင်ဗျား။ သို့ဖြစ်ပါ၍ လမ်းသစ်ဆောင်ရွက်ဆဲကာလမှာ နှစ်လခန့်ကြာမြင့်မည်ဟု သိရပါတယ်ခင်ဗျား။ အဲ့ဒါကြောင့် ယခင်ကရှိဆဲလမ်းက နေပြီးတော့ လူစီးကားများ၊ မှန်လုံယာဉ်များတက်ရောက်ခွင့်အမြန်ရရှိရေးအတွက် ယာယီဆောင်ရွက်ပေးဖို့ ထပ်မံမေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ ယခုလို စီစဉ်ဆောင်ရွက်ပေးတဲ့အတွက်လည်း အထူးကျေးဇူးတင်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။မေးခွန်းမေးမြန်းတဲ့ ပုဂ္ဂိုလ်များကတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ ဖြေကြားမယ့် ပုဂ္ဂိုလ်ကလည်းအသင့်ဖြစ်နေပြီ။ ဒါပေမယ့်ဒီနေ့ အခြားအစီအစဉ်ရှိတဲ့အတွက် အစည်းအဝေးကိုရပ်နားပါမယ်။ အစည်းအဝေးပြန်လည်ကျင်းပမယ့်အချိန်ကတော့ နေ့လည် ၁၂း၃၀ နာရီမှာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီရပ်နားတဲ့အချိန်မှာပဲ နေ့လည်စာကို အလျဉ်းသင့်သလို သုံးဆောင်မှာဖြစ်ပါတယ်။ ဒါကြောင့် အစည်းအဝေးကို နှစ်နာရီခန့်ရပ်နားပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ဆွေးနွေးပွဲအခမ်းအနားသို့တက်ရောက်ရန် ဖိတ်ကြားခြင်းခံထားရသော ကိုယ်စားလှယ်များ ၁၀း၄၅ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနားနေခန်းမတွင် စုစည်းကြရန်ဖြစ်ပါတယ်။ အစည်းအဝေး ကို ၁၂း၃၀ နာရီတွင် ပြန်လည်စတင်ပါမယ်။ အားလုံးထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

**[**အစည်းအဝေးကိုမိနစ် ၃၀ ခန့်ရပ်နားပါသည်။ **]**

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နံနက်ပိုင်းကဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့မေးခွန်းများကို ကိုယ်စားလှယ်များ မေးမြန်းသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ပထမဦးဆုံး ဒီမေးမြန်းချက်များကို သက်ဆိုင်ရာဝန်ကြီးကပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့် (ပြည်ထောင်စုဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အပေါင်းမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်စိုးရဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကို မေးမြန်းထားသော နတ်မောက်-မကွေး ဆက်သွယ်ထားသော သက်ကယ်ကျင်းချောင်း၊ တံခွန်တိုင်ချောင်းခေါ် ရေယိုချောင်း နှင့် နတ်မောက်-ပျော်ဘွယ်လမ်းအပိုင်းမှ ဝါးခုတ်ချောင်းနှင့် ကျွဲမကျချောင်းတို့မှ နွေအခါမှာပင် သဲကျွံ၊ သဲနစ်သော ချောင်းများဖြစ်သဖြင့် ကွန်ကရစ်ရေကျော်လမ်းများ အဆင့်တိုးမြှင့်ရန် ရှိ၊ မရှိ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ နတ်မောက်မြို့နယ် အတွင်းရှိ ပျော်ဘွယ်-ရွာမွန်-နတ်မောက်-မကွေး-ကံပြားလမ်းနှင့် နတ်မောက်-မကွေးလမ်းပိုင်းမှာ အကျယ်ပေ ၁၀၀ ရှိတဲ့ သက်ကယ်ချင်းချောင်းအကျယ်ပေ ၇၀၀ ရှိတဲ့ တံခွန်တိုင်ချောင်းခေါ် ရေယိုချောင်း၊ နတ်မောက်-ပျော်ဘွယ်လမ်းပိုင်းမှာ အကျယ်ပေ ၆၀၀ ရှိတဲ့ ဝါးခုတ်ချောင်း၊ အကျယ်ပေ ၁၀၀၀ ရှိသော ကျွဲမချောင်းတို့ရှိပါတယ်။ အဆိုပါချောင်းတွေဟာ သဲချောင်းတွေဖြစ်ပြီး မိုးတွင်းအခါမှာ ချောင်းရေကျချိန်မှာ ယာဉ်များဟာ စောင့်ဆိုင်းပြီးပဲသွားနေရတာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ ဆက်သွယ်ထားသော ပျော်ဘွယ်-ရွာမွန်-နတ်မောက်-မကွေး-ကံပြားလမ်းကို ၉၁ မိုင် ၄ ဖာလုံအရှည်ဟာ ကနေပြီးတော့ ၃၄ ပေအကျယ်လမ်းအထိ တိုးချဲ့ခဲ့ပါတယ်။ ဒ့ါအပြင် ၁၂ ပေအကျယ် ကတ္တရာလမ်းတိုးမြှင့်ခြင်း ဆောင်ရွက်ခဲ့တာ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ အားလုံးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် တစ်ပြိုင်နက်တည်း ရေပြွန်နှစ်ခုကွန်ကရစ်ရေကျော် ခြောက်ခုကိုလည်းဆောက်လုပ်ပေးခဲ့ပါတယ်။ အဆိုပါလမ်းရဲ့ မိုင်တိုင် ၄၇/၁ရှိ ကျားထူးချောင်းဟာလည်း အရှည်ပေ ၄၈၀ ရှိသောသံကူကွန်ကရစ်တံတား ဆောက်လုပ်နေတာ ယနေ့ဆိုရင် ၅၄ ရာခိုင်နှုန်း ဆောက်ရွက်ပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နတ်မောက်-ပျော်ဘွယ်လမ်းပိုင်းမှာ အကျယ်ပေ ၅၅၃ ရှိတဲ့ဝါးခုတ်ချောင်းရေကျော်ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ အထူးပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေမှာထည့်သွင်းပြီး တည်ဆောက်နေတာ ယခုအချိန်မှာ ၆၀ ရာခိုင်နှုန်းပြီးပြီ ဖြစ်ပါတယ်။ ကျန်ရှိနေသော သက်ကယ်ကျင်းချောင်း၊ တံခွန်တိုင်ချောင်းနှင့်ကျွဲမချောင်းတို့ရဲ့ ကွန်ကရစ်ရေကျော်များ တည်ဆောက်ရန်အတွက်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရံပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်။ ဆက်လက်ပြီး မေးခွန်းနံပါတ်နှစ်ကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

၎င်းမေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေးရဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကို တင်ပြထားသော ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားမတည်ဆောက်ရသေးသော ချောင်းများပေါ်မှာ တံတား တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းကို ရှင်းလင်းတင်ပြသွားပါမယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးဟာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုမြို့မှ ကချင်ပြည်နယ်၊ နယ်စပ်နမ့်စီအောင်အထိ ၁၆၈ မိုင်ရှိပါတယ်။ အဆိုပါ လမ်းမိုင် ၁၆၈ မိုင်အတွင်းမှာ ရေပွွန်နဲ့တံတား စုစုပေါင်းဟာ ၈၅၁ စင်းရှိပါတယ်။ တံတားအရေအတွက် များပြားခြင်းကြောင့် သံကူကွန်ကရစ်တံတားများ၊ ဘေလီတံတားများ၊ သစ်သားတံတားများ၊ ရေပွွန်တံတားများဆိုပြီး ခွဲခြားပြီး ဆောက်လုပ်ပေးလျက်ရှိပါတယ်။ အချို့သော ချောင်းများကိုလည်း ရေကျော်များအဖြစ် ဆောက်လုပ်ပေးခဲ့ပါတယ်။ ရွှေဘို-မြစ်ကြီးနားလမ်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ တံတားမဆောက်ရသေးသောချောင်း ရှစ်ချောင်းကျန်ပါတယ်။ ၎င်းချောင်းများအနက် သုံးချောင်းကိုတော့ တံတားတည်ဆောက်ရန်ဖြစ်ပြီး ကျန်ငါးချောင်းကိုတော့ ရေကျော်များ ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။ တံတားဆောက်လုပ်ရမည့် ချောင်းတွေကတော့ အရှည်ပေ ၁၂၀ ရှိတဲ့ လွှဲဆိပ်ချောင်း၊ အရှည်ပေ ၂၀၀ ရှိတဲ့ ခွန်တန်းချောင်း၊ အရှည်ပေ ၅၀၀ ရှိတဲ့ နတ်မဟုတ်ကြီးချောင်းတို့ ဖြစ်ပါတယ်။ ယခင်ဆောက်လုပ်ပြီးသော တံတားနဲ့ရေပွွန်စုစုပေါင်း ၈၅၁ စင်း အနက် ဘေလီနဲ့သစ်သားတံတားများလည်း တည်ဆောက်ရန် ၁၅ နှစ်ကျော်ကြာပြီ ဖြစ်ပါတယ်။ ဒီ ၁၅ နှစ်ကျော်ကြာတဲ့ အတွက်ပျက်စီးမှုများတဲ့အတွက် ပြင်ဆင်ရန်အတွက် တံတား ၆၅ စင်းကို အဆင့်မြှင့်တင်ရန်၊ ဆောက်လုပ်ရန် ရှိပါတယ်။ ၎င်းအပြင်တံတား ၁၂ စင်းကိုလည်း အဆင့်မြှင့်တင်ပေးဖို့ရှိပါသေးတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေဘို-မြစ်ကြီးနားလမ်း စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်းတံတားမဆောက်ရသေးသော ချောင်းမကြီးရှစ်ချောင်းအနက်မှ အရှည်ပေ ၂၀၀ ရှိတဲ့ ခွန်တန်းချောင်း၊ အရှည်ပေ ၅၀၀ ရှိတဲ့ နတ်မဟုတ်ကြီးချောင်းတို့ဖြစ်ပါတယ်။ အရှည်ပေ ၁၂၀ ရှိတဲ့ လွှဲဆိပ်ချောင်း တို့ကို တံတားအဖြစ်တည်ဆောက်ပြီးတော့ကျန်ငါးချောင်းဖြစ်တဲ့ အရှည်ပေ ၁၅၀ ရှိတဲ့ အိုက်မချောင်း၊ အရှည်ပေ ၃၀၀ ရှိတဲ့ ကွင်းချောင်း၊ အရှည်ပေ ၂၀၀ ရှိတဲ့ နမ့်သဲချောင်း၊ အရှည်ပေ ၃၅၀ ရှိတဲ့နားရခေါင်ချောင်းနှင့်အရှည်ပေ ၃၀၀ ရှိတဲ့စော်မော်ချောင်းတို့အား ရေကျော်အဖြစ်ဆောက်လုပ်ပေးရန် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ ဦးစားပေးအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးမေးခွန်းနံပါတ် (၃) ကို ရှင်းလင်းသွားမှာဖြစ်ပါတယ်။မေးခွန်းနံပါတ် (၃) ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ကနေပြီးတော့ ပြည်သူ့လွှတ်တော်အစည်းအဝေးကို မေးမြန်းထားသော ရေဦး-တန့်ဆည်-ကလေးဝလမ်းကြီးဟာ ယခုထက် ပိုမိုကောင်းမွန်အောင် ရာသီမရွေးသွားလာနိုင်အောင် ပြင်ဆင်ပေးဖို့ ဒေသခံများ မျှော်လင့်နေကြပါတယ်။ သို့ဖြစ်ပါ၍ ၎င်းလမ်းပိုင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိပါသလား။ ရှိလျှင်မည်သည့်အချိန်တွင် စတင်ဆောင်ရွက်နိုင်မည်နည်းဆိုတဲ့မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဦး-တန့်ဆည်-ကလေးဝလမ်းကြီးဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့ ဖန်းခါးစင်၊ တန့်ဆည်၊ ကဒူးမ၊ တောကျွင် တို့ကိုဖြတ်သန်းပြီးတော့ သွားသော လမ်းဖြစ်ပါတယ်။ ကလေးခရိုင်မှာလည်း ပျဉ်ကိုင်း၊ သက်ကယ်ကျင်း၊ အောင်ချမ်းသာ၊ ကိုင်းရွာမှတဆင့် ကလေးဝကိုဆက်သွယ်ထားတဲ့လမ်းဖြစ်ပြီးတော့ လမ်းဟာ ၁၀၅ မိုင်နဲ့လေးဖာလုံ ရှည်လျားပါတယ်။ ၎င်းလမ်းပိုင်းဟာ အရှေ့အနောက်ဆက်သွယ်ထားသော ပြည်ထောင်စုလမ်းမကြီးဖြစ်တဲ့အတွက် မုံရွာ-ရေဦး-တန့်ဆည်-ကလေးဝလမ်းပိုင်းမှာတည်ရှိနေပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေ ကတော့ ကတ္တရာလမ်းဟာ ၁၇မိုင်နဲ့ ၆ဖာလုံ ကျောက်လမ်းဟာ ၄၀ မိုင်နဲ့ ၅ ဖာလုံ၊ အမာခံလမ်းက ၃၆ မိုင်နဲ့ ၄ ဖာလုံ၊ မြေလမ်းဟာ ၁၀ မိုင်နဲ့ ၅ ဖာလုံ စုစုပေါင်း ၁၀၅ မိုင်နဲ့ ၄ ဖာလုံရှိပါတယ်။ ၎င်းလမ်းပေါ်မှာ တံတားစာရင်းကတော့ ၅၀ ပေအောက်တံတား ၁၆၈ စင်း၊ ၅၀ ပေကနေ ၁၀၀ ပေအောက်ထိကတံတား ၃၉စင်း၊ ၁၀၀ ပေမှ ၁၈၀ ပေအောက်တံတားက လေးစင်း၊ စုစုပေါင်း ၂၁၁ စင်းရှိပါတယ်။

ရေဦး-တန့်ဆည်-ကလေးဝလမ်းဟာ မူလက ကောင်းမွန်တဲ့လမ်းအခြေအနေရှိသော်လည်း သစ်တင်ကားများ အသွားအလာများတဲ့အတွက် မိုင် ၁၃ မိုင်(တန့်ဆည်)နဲ့မိုင် ၈၃ မိုင်(သက်ကယ်ကျင်း) အပိုင်းမှာလမ်းပုံစံလုံးဝပျောက်သွားပြီး မြေလမ်းအဆင့်ကိုရောက်သွားပါတယ်။ မိုးတွင်းမှာဗွက်ထပြီး ဆိုးရွားလျက်ရှိပါတယ်။ ယာဉ်သွားလာမှုအဆင်ပြေစေရန် နှစ်စဉ်ပွင့်လင်းရာသီရောက်တိုင်း မြေညှိစက်နဲ့ မြေညှိပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယင်းလမ်းပျက်စီးမှုကြောင့် ၈-၇-၂၀၁၁ နေ့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကနေပြီးတော့ မြန်မာ့သစ်လုပ်ငန်းနဲ့ အစည်းအဝေးပြုလုပ်တဲ့ နေရာမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်သစ်ထုတ်ရာသီမှာ သစ်ကားများဟာ ချင်းတွင်းမြစ်ကြောင်း တလျှောက် ယာယီသစ်သယ်ကားလမ်း ရှာဖွေဖောက်လုပ်ပြီး ချင်းတွင်းမြစ်ကြောင်းအတိုင်း သစ်သယ် ရန်နှင့်မြစ်ကြောင်းမှ တဆင့်မီးရထားလမ်းအတိုင်း အများဆုံးသယ်ပြီးအသုံးပြုဖို့ လမ်းညွှန်ထားပါ တယ်။ တကယ်လို့ ၎င်းကဲ့သို့ သယ်ပို့တဲ့နေရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းများကို မလွှဲမရှောင်သာမှသာ အနည်းငယ်အသုံးပြုရန်နဲ့ အသုံးပြုပြီဆိုကလည်း ဆောက်လုပ်ရေးဝန်ကြီး ဌာနပိုင်လမ်းရဲ့ ဘေးယာယီ သစ်သယ်လမ်းဖောက်ပြီးတော့ သယ်ဆောင်ရန်တို့ကို ညှိနှိုင်းဆွေးနွေး ခဲ့ကြပါတယ်။ အဲဒီလိုလုပ်ဆောင်မှသာလျှင် လမ်းတာဘောင်တင်ခြင်း၊ လမ်းပုံပြန်ဖော်ခြင်း၊ လမ်း အဆင့်မြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခွဲဝေရရှိမှု သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေအရ အောက်ပါအတိုင်း လုပ်ငန်းများဆောင်ရွက် လျက်ရှိပါတယ်။

ကတ္တရာလမ်းပျက်အပိုင်းအား လမ်းမျက်နှာပြင်ညှိ၍ ရေပိတ်လွှာလောင်းခြင်းက ၆ မိုင်နဲ့ ၆ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာတင်ခြင်းက၊ ၄ မိုင်နဲ့ ၃ ဖာလုံ၊ လမ်းချိုင့်ကြီးများအားကျောက်ဖြည့် ပြီးတော့ ဂျင်းမြေတင်ခင်းခြင်းက ၁၁မိုင်နဲ့ ၃ ဖာလုံ၊ လမ်းသားနိမ့်ကျသွားသော အပိုင်းများအား ရွှေ့ချယ်မြေသားများဖို့ခြင်းက ၇ ဖာလုံ၊ တောင်ပြိုမြေဖယ်ရှားခြင်းက ၅ မိုင်၊ မြင့်တက်နေသော လမ်းပုခုံးများဖယ်ထုတ်ခြင်းက ၁၉မိုင်၊ ၅ ဖာလုံ၊ မြေညှိစက်ဖြင့်လမ်းပုံဖော်ခြင်းက ၂၂ မိုင် မြေညှိစက်ဖြင့်လမ်းပုံဖော်ခြင်း၊ ကျောက်များ တင်ပြီးခင်းကြိတ်ခြင်းက နှစ်မိုင်၊ မိုင်တိုင် ၇ မိုင်၊ ၇ ဖာလုံ မှ ၈ မိုင်ကြားမှာ ရေတိုက်စားပြီးပျက်စီးသွားသောအပိုင်း ပေ ၁၀၀ အရှည်အား ၂၄ ပေ အကျယ် ကွန်ကရစ်ရေကျော် တံတားပြုလုပ်ခြင်းကတစ်ခု၊ ကျောက်စီမြေကာနံရံ စုစုပေါင်း ဆောက်လုပ်ခြင်းက ၃၈၅ ပေကငါးခု၊ သစ်သားတံတား မြေကာနံရံအသစ် ဖောက်လုပ်ခြင်းက ၆၈၀ ပေ က ၁၄ ခု၊ သစ်သားမြေကာနံရံပြုလုပ်ခြင်း စုစုပေါင်း ၃၈၀ ပေက ၁၀ ခု၊ ၅၀ ပေအောက်သစ်သား တံတား အသစ်တည်ဆောက်ခြင်းက လေးစင်း၊ ၅၀ ပေမှ ၁၀၀ ပေအောက်သစ်သားတံတားတည်ဆောက်

ခြင်းက နှစ်စင်း၊ ၅၀ ပေအောက် သစ်သားတံတားများနှင့် တိုင်စင်၊ ယက်မ၊ ကြမ်းခင်း၊ လက်ရန်း၊ ဘီးလမ်းများပြင်ဆင်ခြင်းက သုံးစင်း၊ တံတားအမှတ် ၁/၉၃နဲ့ ၁/၉၉ တို့ရဲ့ မြေကာနံရံနဲ့ ဘဲဘောင်များ တပ်ဆင်ခြင်းက နှစ်စင်း၊ ၁၀၀ ပေအရှည် ဘေလီတံတားပြင်ဆင်ခြင်းက နှစ်စင်း၊ ၅ ပေ x ၂၈ ပေသံကူကွန်ကရစ်တံတားအသစ် တည်ဆောက်ခြင်းကတစ်စင်း၊ ၄၄ ပေအရှည်ရှိသော RSJ အောက်ခံသစ်သားကြမ်းခင်းတံတား တည်ဆောက်ခြင်းက တစ်စင်းတို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်လည်းငွေလုံးငွေရင်းရံပုံငွေနဲ့ ပြင်ဆင်ထိန်းခြင်းရံပုံငွေများ တိုးမြှင့်တောင်းခံသွားပြီးဒ‌င်းလမ်းကောင်းမွန်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ်လေးကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်းကတော့ ရေဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦးရဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကိုမေးမြန်းထားသော လမ်းတံတားကောက်ခံခွင့်ရရှိသော လုပ်ငန်းရှင်များသည် သတ်မှတ်ထားသောခွင့်ပြုတန်ချိန်ထက်ကျော်လွန်၍ တင်ဆောင်ဖြတ်သန်းသော မော်တော်ယာဉ်များကို သတ်မှတ်ထားသောကောက်ခံကြေးများထက် ပိုမိုကောက်ယူနေပြီး စည်းမဲ့ကမ်းမဲ့ ဆောင်ရွက်နေသည်ကို မည်ကဲ့သို့အရေးယူမည်နည်း။ ယခုထက် လွယ်ကူရှင်းလင်းသော လမ်းကြေး၊ တံတားကြေးကောက်ခံမှုများအားဆောင်ရွက်ပေးနိုင်မှုအစီအစဉ် ရှိ၊ မရှိ မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အတွင်းမှာ လေလံစနစ်ဖြင့်လုပ်ကိုင်နေသောလမ်းတံတားဂိတ်ပေါင်းဟာ ၂၆၁ ဂိတ်ရှိပါတယ်။ အဆိုပါလမ်းတံတားဂိတ်များဟာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတို့ကနေကြီးမှူးပြီးတော့ ၂၀၁၁ ခုနှစ်၊ မတ်လမှာ လေလံလုပ်ကိုင်မှုများပေးခဲ့တာဖြစ်ပါတယ်။ လေလံလုပ်ပိုင်ခွင့်ရရှိပါက နိုင်ငံတော်ကို လေလံကြေးများပေးသွင်းရပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာနရုံးချုပ်တွင် စာချုပ်ချုပ်ဆိုခြင်း ဆောင်ရွက်ပြီးမှသာလျှင် လမ်းတံတားအသုံးပြုခများကို ကောက်ခွင့်ပေးထားတာဖြစ်ပါတယ်။ လမ်းတံတားလေလံစာချုပ်မှာ ကောက်ခံရမည့်နှုန်းထားများ ထည့်သွင်းချုပ်ဆိုထားပြီးဖြစ်ပါတယ်။ ပိုမိုကောက်ခံပါက အရေးယူဆောင်ရွက်မည့်အချက်များလည်း ထည့်သွင်းချုပ်ဆိုထားပါတယ်။ ထို့အပြင် ၁၂-၅-၂၀၁၁ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် လေလံလုပ်ငန်းရှင်များအားခေါ်ယူပြီး လမ်းတံတားအသုံးပြုခများ ပိုမိုကောက်ခံပါက ပထမအကြိမ်သတိပေးခြင်း၊ ဒုတိယအကြိမ်ပိုမိုကောက်ခံပါက စစ်ဆေးမှုမှန်ကန်လျှင် ကောက်ခံခွင့်တစ်လပိတ်ပေးခြင်း၊ အဲဒီအချိန်မှာ ပြည်သူ့

ဆောက်လုပ်ရေးလုပ်ငန်းကနေ ဝင်ရောက်ကောက်ခံမှာဖြစ်ပါတယ်။ နောက်လေလံရသူကို တစ်လပြည့်တာနဲ့ ပြန်လည်ပေးအပ်ပါမယ်။ တတိယအကြိမ် သတ်မှတ်နှုန်းထား ထက်ကျော်လွန် ကောက်ခံပါက ကောက်ခံထားသည့် ၎င်းဘဏ္ဍာရေးနှစ်အတွင်းမှာ အပြီးရုပ်သိမ်းမှာ ဖြစ်ကြောင်း ရှင်းလင်းအသိပေးခဲ့ပြီး ဖြစ်ပါတယ်။ သို့သော်လည်း လမ်းတံတားဂိတ်များ သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံနေတဲ့အတွက် လမ်းတံတားဂိတ် ၂၁ ဂိတ်ကို တစ်လပိတ်ပြီး အရေးယူခဲ့ပါတယ်။ ၎င်းတစ်လပိတ်ပြီးအရေးယူ ခဲ့တဲ့ဂိတ်တွေကတော့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ လမ်းတံတား ဂိတ် ၁၆ ဂိတ်ကိုသော်လည်းကောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းမှာ လမ်းတံတားဂိတ် ၄ ဂိတ် ကိုသော်လည်ကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းမှာ လမ်းတံတားဂိတ် ၁ ဂိတ် ကိုလည်းကောင်း အရေးယူခဲ့တာဖြစ်ပါတယ်။ လမ်းတံတားပျက်စီးမှု နည်းစေရန်အတွက် စည်းမဲ့၊ ကမ်းမဲ့ တန်ပိုတင် ဆောင်သွားသော တန်ပိုယာဉ်များကလည်း အာဆီယံစံချိန်စံညွှန်းနဲ့အညီ ကုန်တင်ယာဉ်များ ဝန်ရိုး အလိုက် ယာဉ်ကုန် အလေးချိန်များသတ်မှတ်ချက်များလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ် ဝန်ကြီးချုပ်များရဲ့ အစီအစဉ်အရလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ လမ်းတံတား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ရဲ့ အစီအစဉ်အရလည်းကောင်း တားဆီးခြင်း၊ ပညာ ပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများလည်း အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါတယ်။ ဆောက်လုပ် ရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း လမ်းတံတားများအသုံးပြုခ ကောက်ခံခွင့်ကို လေလံစနစ်ဖြင့် ပေးအပ်လျက်ရှိတဲ့အခါမှာ လမ်းအသုံးပြုခကောက်ခံနှုန်းထားများသည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လကနေ သတ်မှတ်ခဲ့သောနှုန်းထားဖြစ်ပြီးတော့ ၂၀၁၁ ကနေ ယခုအချိန်အထိ ၁၄ နှစ်တာ ကာလရှိပြီး လုံးဝနှုန်းထားများ ပြောင်းလဲကောက်ခံထားခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ ထို့အတူပဲ တံတားများအနေနဲ့ သာမန်တံတားများနှင့် စီမံကိန်းဝင်တံတားများကို နှစ်မျိုးသတ်မှတ်ထားပါတယ်။ တံတားအသုံးပြုခကောက်ခံခွင့်မှာလည်း နှုန်းထားနှစ်မျိုး သတ်မှတ်ထားပြီး ၂၀၀၄ ခုနှစ်က မေလမှာ စပြီးတော့ သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ယခု ၂၀၁၁ ခုနှစ်၊ ၇ နှစ်တာ ကြာသည်အထိ ၎င်းနှုန်းထားများ မပြောင်းလဲခဲ့တာ ဖြစ်ပါတယ်။ ယခုလို ၁၉၉၇ ခုနှစ်ကနေ ကောက်ခံတဲ့ လမ်းတံတားအသုံးပြုခ ကောက်ခံမှုနှုန်းထားများသည် ကိုယ်ပိုင်ယာဉ်ငယ်များကို တစ်မိုင်လျှင် အခြေခံနှုန်းပြား ၆၀ ပဲ သတ်မှတ်ပေးထားတာ ဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်မှာ ကောက်ခံတဲ့ လမ်းတံတားနှစ်မျိုးမှာလည်း သာမန်တံတားအသုံးပြုရာတွင် ကိုယ်ပိုင်ယာဉ်ငယ်များ တစ်စီးလျှင် အခြေခံနှုန်း ၃၀ ကျပ်ဖြစ်ပြီးတော့ စီမံကိန်းဝင်တံတားမှာ ကိုယ်ပိုင်ယာဉ်ငယ်များ တစ်စီးလျှင် ၇၅ ကျပ်နှုန်းနဲ့ ကောက်ခံခဲ့တာဖြစ်ပါတယ်။ အဆိုပါကောက်ခံသည့်နှုန်းများသည် တိုးမြှင့်ပြောင်းလဲနေသောဈေးနှုန်းများအရ အနည်းဆုံး သုံးနှစ်

တစ်ကြိမ် စိစစ်ပြောင်းလဲရမည်ဖြစ်သော်လည်း လမ်းကြေး များတွင် ၁၄ နှစ်ကြာ တံတားကြေးများတွင် ခုနစ်နှစ်ကြာသည်အထိ တိုးမြှင့်ပြောင်းလဲသော ဈေးနှုန်း များမပြောင်းလဲဘဲနဲ့ကောက်ခံခြင်းဟာ နှစ်ကြာမြင့်ရာနှုန်းမပြောင်းဘဲကောက်ခံခဲ့တာ ကြာပြီဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ ယခုအခါမှာ လမ်းတံတားများအသုံးပြုခ ကောက်ခံမှုနှုန်းများသည် ကိုယ်ပိုင် ယာဉ်ငယ်များကို တစ်မိုင်လျှင် အခြေခံနှုန်း နှစ်ကျပ်ဖြင့်လည်းကောင်း၊ သာမန်တံတား အသုံးပြုခ တစ်စီးလျှင် အခြေခံနှုန်း ၅၀ ကျပ်ဖြင့်လည်းကောင်း၊ စီမံကိန်းဝင်တံတားကိုအသုံးပြုခ တစ်စီးလျှင် ၁၀၀ ကျပ်ဖြင့်လည်းကောင်း ယာဉ်အမျိုးအစားလိုက် သတ်မှတ်ပေးထားသည့်အပြင် နှုန်းထားအသစ် အတိုင်း ကား၏ဝင်ရိုးအရေအတွက်အလိုက် သတ်မှတ်အလေးချိန်ပေါ်မူတည်ပြီးတော့ တွက်ချက် ထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းနှင့်တံတားများ အသုံးပြုခ ကောက်ခံထားသည့်နှုန်းသစ်အား ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လေလံဂိတ်ကြေးများမှာ တစ်မိုင်နှုန်း သတ်မှတ်ထားတာကတော့ နှစ်တန်အောက်ယာဉ်နှင့် အခြားယာဉ်များ၊ ကိုယ်ပိုင်ယာဉ်ငယ်များကို နှစ်ကျပ်ဖြစ်ပါတယ်။ ဟိုင်းလတ် ခရီးသည်တင်ယာဉ်ဆိုလျှင် ငါးကျပ် ဖြစ်ပါတယ်။ နှစ်တန်အောက်ယာဉ် ခရီးသည်တင်ယာဉ် နှစ်တန်မှ ငါးတန်အောက်ယာဉ်၊ ဒိုင်နာ အပါအဝင်က ရှစ်ကျပ်ဖြစ်ပါတယ်။ ငါးတန်အထက်ခရီးသည်တင်ယာဉ်ကြီးက ၁၀ ကျပ်ဖြစ်ပါတယ်။ ငါးတန်မှ ၁၆ တန်အထိ ကုန်တင်ယာဉ်ကြီး၊ ကုန်မပါ ယာဉ်ကြီးများအတွက် ၂၀ ကျပ်ဖြစ်ပါတယ်။ ယာဉ်အပေါင်းကုန် ၂၁ တန် ဝင်ရိုးသုံးခုပါ ကုန်တင်ယာဉ်ကြီး၁၀ ဘီးကားကတော့ ၃၀ ကျပ်ဖြစ် ပါတယ်။ ယာဉ်အပေါင်းကုန် ၂၅ တန် ဝင်ရိုးလေးခုပါ ကုန်တင်ယာဉ်ကြီး ၁၂ ဘီးကားက ၃၅ ကျပ် ဖြစ်ပါတယ်။ ယာဉ်အပေါင်းကုန် ၃၄ တန် ဝင်ရိုးလေးခုပါ ကုန်တင်ယာဉ်ကြီး ၁၄ ဘီးကား နောက်တွဲ အပါက ၄၅ကျပ် ဖြစ်ပါတယ်။ ယာဉ်အပေါင်းကုန် ၄၆ တန် ဝင်ရိုးငါးခုပါ ကုန်တင်ယာဉ်ကြီး ၁၈ ဘီး ကားနောက်တွဲအပါ ၆၀ ကျပ် ဖြစ်ပါတယ်။ ယာဉ်အပေါင်းကုန် ၅၅ တန် ဝင်ရိုးခြောက်ခုပါ ကုန်တင် ယာဉ်ကြီး ၂၂ ဘီးနောက်တွဲပါ ၇၀ ကျပ် ဖြစ်ပါတယ်။ ဒါကတော့ လေလံဂိတ်ကြီးများအတွက် တစ်မိုင် နှုန်းဖြစ်ပါတယ်။ နောက် သာမန်တံတားများ အသုံးပြုခကောက်ခံမယ့်နှုန်းကတော့ ၁၀ ဘီးများ နဲ့ ပတ်သက်လို့ ကောက်ခံခြင်းမရှိပါဘူး။ ဆိုင်ကယ်နဲ့ မြင်းလှည်းကတော့ ၁၀ ကျပ်၊ ထော်လာဂျီ ခရီးသည်နဲ့ဖြစ်ပြီးတော့ ကုန်မပါက ၁၀ ကျပ်၊ ယာဉ်အပေါင်းကုန် နှစ်တန် အောက်ယာဉ်၊ အခြား ယာဉ်ငယ်များ၊ ကိုယ်ပိုင်ယာဉ်ငယ်များက ၅၀ ကျပ်၊ နောက်ဟိုင်းလတ်ခရီးသည်တင်ယာဉ်၊ ယာဉ်အပေါင်းကုန် ခရီးသည်တင်တဲ့ ဒိုင်နာအပါအဝင်က ၇၀ ကျပ်၊ ယာဉ်အပေါင်းကုန် နှစ်တန်မှ

ငါးတန်အောက်ယာဥ်များက ၁၀၀ ကျပ်၊ ငါးတန်အထက် ခရီးသည်တင် ယာဥ်ကြီးက ၂၀၀ ကျပ်၊ ယာဥ်အပေါင်းကုန် ငါးတန်အထက် ၁၀ တန်အောက် ကုန်တင်ယာဥ်ကြီးက ၂၀၀ ကျပ်၊ ယာဥ်အပေါင်းကုန် ၁၀ တန်မှ ၂၁ တန် အထိ ကုန်တင်ယာဥ်ကြီး၊ ကုန်မပါယာဥ်ကြီးကတော့ ၂၅၀ ကျပ်၊ ယာဥ်အပေါင်းကုန် ၂၁ တန် ဝင်ရိုးသုံးခုပါ ကုန်တင်ယာဥ်ကြီး ၁၀ ဘီးကားက ၃၀၀ ကျပ်၊ ယာဥ်အပေါင်းကုန် ၂၅ တန် ဝင်ရိုးလေးခုပါကုန်တင်ယာဥ်ကြီး ၁၂ ဘီးကားက ၃၅၀ ကျပ်၊ ယာဥ်အပေါင်းကုန် ၃၄ တန် ဝင်ရိုးလေးခုပါ ကုန်တင်ယာဥ်ကြီး ၁၄ ဘီးကား နောက်တွဲပါက ၅၅၀ ကျပ်၊ ယာဥ်အပေါင်းကုန် ၄၆ တန် ဝင်ရိုးငါးခုပါ ကုန်တင်ယာဥ်ကြီး ၁၈ ဘီးကားနောက်တွဲပါက ၈၀၀ ကျပ်၊ ယာဥ်အပေါင်းကုန် ၅၅ တန် ဝင်ရိုးခြောက်ခုပါ ကုန်တင်ယာဥ်ကြီး ၂၂ ဘီးကားနောက်တွဲပါက ၁၀၀၀ ကျပ်၊ စီမံကိန်းဝင် အသုံးပြုကောက်ခံမယ့် တံတားနှုန်းကတော့ စက်ဘီးကတော့ ၁၀ ကျပ်၊ ဆိုင်ကယ်နဲ့မြင်းလှည်းကတော့ ၅၀ ကျပ်၊ ထွေလာဂျီခရီးသည်နဲ့ ကုန်မပါကတော့ ၁၀၀ ကျပ်၊ ယာဥ်အပေါင်းကုန် နှစ်တန်အောက် အခြားယာဥ်ငယ်များ၊ ကိုယ်ပိုင်ယာဥ်ငယ်များက ၁၀၀ ကျပ်၊ ဟိုင်းလတ်ခရီးသည်တင်ယာဥ်၊ ယာဥ်အပေါင်းကုန် ခရီးသည်တင်ယာဥ် ဒိုင်နာအပါအဝင်က ၂၅၀ ကျပ်၊ ယာဥ်အပေါင်းကုန် ၂ တန်မှ ၅ တန်အောက် ယာဥ်များက ၃၅၀ ကျပ်၊ ၅ တန်အထက် ခရီးသည်တင်ယာဥ်ကြီးက ၆၀၀ကျပ်၊ ယာဥ်အပေါင်းကုန် ၅ တန်အထက် ၁၀ တန် အောက် ကုန်တင်ယာဥ်ကြီးက ၁၀၀၀ ကျပ်၊ ယာဥ် အပေါင်းကုန် ၁၀ တန် မှ ၂၁ တန်အထိ ကုန်တင်ယာဥ်ကြီး ကုန်မပါ ယာဥ်သက်သက် ၁၅၀၀ ကျပ်၊ ယာဥ်အပေါင်းကုန် ၂၁ တန် ဝန်ရိုး ၃ ခုပါ ကုန်တင်ယာဥ်ကြီး ၁၀ ဘီးကားက ၂၀၀၀ ကျပ်၊ ယာဥ် အပေါင်းကုန် ၂၅ တန် ဝန်ရိုး ၄ ခုပါ ကုန်တင်ယာဥ်ကြီး ၁၂ ဘီးကားက ၃၅၀၀ ကျပ်၊ ယာဥ်+ကုန် ၃၄ တန် ဝန်ရိုး ၄ ခုပါ ကုန်တင်ယာဥ်ကြီး ၁၄ ဘီးကား နောက်တွဲပါ ၇၀၀၀ ကျပ်၊ ယာဥ်အပေါင်းကုန် ၄၆ တန် ဝန်ရိုး ၅ ခုပါ ကုန်တင်ယာဥ်ကြီး ၁၈ ဘီးကား နောက်တွဲပါ ၁၂၀၀၀ ကျပ်၊ ယာဥ်အပေါင်းကုန် ၅၅ တန် ဝန်ရိုး ၆ ခုပါ ကုန်တင်ယာဥ်ကြီး ၂၂ ဘီးကား နောက်တွဲပါ ၁၅၀၀၀ ကျပ် ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါလေလံစနစ်ဖြင့်လုပ်ကိုင်နေသော ပေးထားသော လမ်း၊တံတားဂိတ်များ ကောက်ခံနေသည့် နှုန်းထားသစ်ဟာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှာ တင်ပြပြီး အတည်ပြုချက်ရယူထားပြီးဖြစ်ပါတယ်။ ယခင်နှုန်းဟောင်းထက် ပိုမိုလွယ်ကူရှင်းလင်းသော စနစ်ဖြင့် တွက်ချက်ထားပြီး လမ်း၊တံတားအသုံးပြုမှုများကိုလည်း စတင်ကောက်ခံသွားမှာ ဖြစ်ပါတယ်။ အကယ်၍ လမ်းအသုံးပြုခကောက်ခံရာတွင် ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်လာသောကုန်များ အတွက်ဒဏ်ကြေးထပ်ရိုက်ပြီး ပေးဆောင်သွားမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြည်သူ့ အကျိုးကိုရှေးရှုပြီးတော့ အပိုထပ်ဆောင်း ယာယီခွင့်ပြုထားသော အပိုတန်ချိန်တင်ဆောင်လာရင် ခုန

သတ်မှတ်ဝန်ရိုး အရေအတွက်နဲ့ ယာဉ်အမျိုးအစားမှာ ၁ မိုင် သတ်မှတ်နှုန်းထားထက် ၃ ဆ ကောက်ခံသွားမှာဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ယာယီထပ်ဆောင်း ခွင့်ပြုထားသော ကုန်တင်ချိန်ထက် ပိုမိုထပ်ဆောင်းပြီးတော့ တင်ဆောင်လာသောကားများကိုတော့ သတ်မှတ်နှုန်းထားထက် ၁၀ ဆကောက်ခံသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကတ္တရာလမ်းမကြီးများနှင့် ပတ်သက်၍ ၁၀ နှစ်ခံ ဆောင်ရွက်ထားသော်လည်း တန်ပိုယာဉ်ကြီးများ သွားလာမှုကြောင့် ၁၀ နှစ်ခံလမ်းသည် ၁၀ လနဲ့ ပျက်ရသည်ထိ ဖြစ်လာပါတယ်။ သတ်မှတ်ကာလမရောက်မီ လမ်းများပျက်စီးခြင်းသည် နိုင်ငံတော်အတွက် များစွာနစ်နာဆုံးရှုံးပါသည်။ နိုင်ငံတော်မှ တည်ဆောက်ပေးထားသောလမ်းများ ရေရှည်အသုံးပြုရန် သတ်မှတ်ထားသောယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း ပြည်သူများကလည်း လိုက်နာသင့်ကြောင်းနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှလည်း အများပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် ၅ ကိုဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅ ကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားသော မေးခွန်းဖြစ်ပါတယ်။ သံဖြူဇရပ်မှ ရေးမြို့အထိ အသုံးပြုသော မော်တော်ကားလမ်းမကြီးများသည် ချိုင့်မဟုတ်တော့ဘဲ ချောက်အဖြစ်သို့ ရောက်ရှိနေသည်ကို သိရှိပါသလား။ ယင်းကားလမ်းကို ပြုပြင်ဖို့ အစီအစဉ်ရှိပါသလား။ ရေးမြို့နယ်အတွင်းမှာ ဂိတ်ကြေး၅ ဂိတ်ခန့် အဆက်မပြတ် ကောက်ခံလျက်ရှိသည်ကို သိရှိပါ သလား။ ကောက်ခံရသော ဂိတ်ကြေးများကို လမ်းပြုပြင်ခြင်းမရှိဘဲ မည်သည့်နေရာတွင် အသုံးပြုသည်ကို သိရှိပါသလား မေးခွန်းများကိုရှင်းလင်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်-ရေးအပိုင်းတွင် ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးရဲ့ လမ်းအပိုင်းဖြစ်ပါတယ်။ ၎င်းလမ်းအပိုင်းဟာ ၅၆ မိုင် ၂ ဖာလုံရှည်လျားပြီး ကတ္တရာလမ်း အမျိုးအစားဖြစ်ပါတယ်။ ရန်ကုန်-မြိတ်မြို့ရဲ့ (မော်လမြိုင်-ရေး- မလွှဲတောင်အပိုင်း)လမ်းမိုင်ဟာ ၁၁၂ မိုင် ၆ ဖာလုံ ရှိပါတယ်။ အေးကိုမိသားစုဆောက်လုပ်ရေး လီမိတက်ကို၁၆-၃-၂၀၁၀ရက်နေ့မှစတင်ပြီး ဘီအိုတီစနစ်ဖြင့် လမ်း-တံတားများ ပြုပြင်ထိန်းသိမ်းခြင်းနဲ့ အဆင့်မြှင့်တင်တည်ဆောက်ရန် လုပ်ငန်းများ ခွင့်ပြုထားတာဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် သံဖြူဇရပ်မှ ရေးအပိုင်းအထိ လမ်းများပျက်စီးမှု ပိုမိုဖြစ်ပေါ်နေတာကို လမ်းစစ်ဆေးချက်များ သိရှိပါတယ်။ အေးကိုမိသားစုဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်ထံ

သံဖြူဇရပ်-ရေးအပိုင်းများ စနစ်တကျ ပြန်လည်တည်ဆောက်ရန်၊ ပျက်စီးမှုများကို အမြန်ဆုံးဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်နယ်အင်ဂျင်နီယာမှူးကြီးက ကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်ချက်များကို စနစ်တကျကြပ်မတ်ရန် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် မော်လမြိုင်မှ မုဒုံ-သံဖြူဇရပ်-ရေး-မလွှဲတောင်လမ်းအပိုင်း ၁၁၂ မိုင် ၆ ဖာလုံကို ဘီအိုတီစနစ်ဖြင့် တာဝန်ယူ ဆောင်ရွက်ရာတွင် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လမှာ ၁ နှစ်နဲ့ ၆ လတာ ကာလပဲရှိပါသေးတယ်။ ၎င်းကာလ အတွင်းမှာ ဆောင်ရွက်ထားတဲ့လုပ်ငန်းတွေကတော့ ကတ္တရာလမ်းသားချဲ့ခြင်း မိုင် ၃၀၊ ၂၄ ပေ ပြည့်ရန် ကွန်ကရစ်တံတားတိုးချဲ့ခြင်း ၂၇ စင်း၊ သံကူကွန်ကရစ်တံတား အသစ်တည်ဆောက်ခြင်းက ၁ စင်း၊ လမ်းပေါက်များ ဖာထေးခြင်းနဲ့ လမ်းမျက်နှာပြင် ညှိခြင်း၊ ရေမြောင်းတူးခြင်းက ၁၁၆ မိုင် ၂ ဖာလုံ၊ ဘေလီနှင့် RPT တံတားများ ပြုပြင်ခြင်းက ၁၄ စင်း တို့ ဖြစ်ပါတယ်။ လမ်းပိုင်းအလိုက် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စီမံကိန်း ဒါရိုက်တာ ၁ ဦး၊ စီမံကိန်းအင်ဂျင်နီယာ ၁ ဦး၊ လက်ထောက်အင်ဂျင်နီယာ ၂ ဦး၊ အငယ်တန်း အင်ဂျင်နီယာ ၃ ဦးနဲ့ လုပ်သားအင်အားကတော့ ဇာသပြင်နဲ့ မုဒုံကြားမှာ လုပ်သားအင်အား ၂၀ ဦး၊ မုဒုံနဲ့ သံဖြူဇရပ်အပိုင်းမှာ ၄၂ ဦး၊ သံဖြူဇရပ်ကနေ မိုင်တိုင် ၅၆ မိုင်အထိ လုပ်သားက ၂၀ ဦး၊ မိုင်တိုင် ၅၆ မှ မော်လမြိုင်ခြံ အထိ လုပ်သား ၂၀ ဦး၊ မော်လမြိုင်မှရေးအထိ လုပ်သားအင်အား ၂၂ ဦး၊ စုစုပေါင်းလုပ်သားအင်အား ၁၂၄ ဦးနဲ့ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းဆောင်ရွက်ရာတွင် သုံးစွဲသော စက်ယာဉ်ယန္တရားကတော့ မြေတူးစက်က ၂ စီး၊ လမ်းကြိတ်စက် ၆ စီး၊ မြေတင်စက် ၁ စီး၊ ကျောက်သယ်ယာဉ် ၆ စီး၊ မြေသိပ်စက်က ၅ စီး၊ စက်သယ်ယာဉ် ၁ စီးနဲ့ ကွန်ကရစ်ဖျော်စက် ၁ စီး၊ ကျင်း ၅၀ ကျ ကျောက်ခွဲစက်ကြီး ၁ ခုနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဘီအိုတီစနစ်နဲ့ ဆောင်ရွက်ရာမှာ လုပ်ငန်းစတင်ဆောင်ရွက်တဲ့အချိန်ကစပြီးတော့ တည်ဆောက်ချိန် ၃ နှစ်ကာလအတွင်းမှာ လမ်းအရှည်ပေါ် မူတည်ပြီးတော့ တည်ဆောက်ချိန်ကာလ တိုးမြှင့်တောင်းခံနိုင်ပါတယ်။ တည်ဆောက်ချိန်ကာလပြီးဆုံးသွားတာနဲ့ တစ်ပြိုင်တည်း တစ်ရက် ဖြတ်သန်းတဲ့ အသွား/ အပြန် ယာဉ်စီးရေ ၂၅၀ အောက်ဖြစ်ပါက ၁၈ ပေ ကတ္တရာလမ်းသားအကျယ် ဆောင်ရွက်ရန်ဖြစ်ပါတယ်။ ယာဉ်စီးရေ ၂၅၀ အထက်ရှိရင်တော့ ကတ္တရာလမ်းသား အကျယ် ၂၄ ပေ ဆောင်ရွက်ပြီးစီးရမှာဖြစ်ပါတယ်။ သံဖြူဇရပ်-ရေး အပိုင်းဟာ မူလလမ်းတာဘောင် ပျမ်းမျှ ၂၀ ပေ ခန့်သာရှိတဲ့အတွက် ၂၄ ပေအကျယ် ကတ္တရာလမ်း၏ အနည်းဆုံး တာဘောင် လိုအပ်ချက်ကို မြေပြန့်တွင် ၄၀ ပေနှင့် တောင်ပေါ်တွင် ၃၄ ပေလို့ သတ်မှတ်ပေးထားတာဖြစ်ပါတယ်။ ၎င်းအကျယ်အထိဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ မူလလမ်းသား

အကျယ်ဟာ ၁၂ ပေကိုလည်း တန် ၆၀ ခံ အောက်ခံလွှာနဲ့ လမ်းသစ် ၁၂ ပေနဲ့ ထပ်မံခွဲ့ရမှာ ဖြစ်ပါတယ်။ လမ်းဟောင်းများလည်း ချောမွေ့စွာသွားလာနိုင်ရေးအတွက်လည်း ဒါ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လမ်းမကြီးများ လမ်းတစ်လျှောက်မှာရှိတဲ့ တံတားငယ်များကိုလည်း တန် ၆၀ ခံ ၂၈ ပေအကျယ် သံကူကွန်ကရစ်တံတားများလည်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့ ကုမ္ပဏီအနေနဲ့လည်း ဆောင်ရွက်ရတဲ့ မိုင်များခြင်း၊ မိုးရွာသွန်းမှု ကလည်းများခြင်း၊ မူလလမ်း၏ လမ်းလွှာကလည်းအားနည်းခြင်း၊ အောက်ခံမြေသားလည်းအားနည်းခြင်း၊ နယ်မြေဒေသ၏ အခြေအနေအားနည်းခြင်း၊ တည်ဆောက်ရမယ့် အချိန်က ၁ နှစ် ၆ လသာရှိခြင်းစတဲ့ အကြောင်းများကြောင့် လမ်းပျက်စီးမှုလည်းများခဲ့ပါတယ်။ အေးကိုမိသားစုဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ထိန်းသိမ်းနေတဲ့လမ်းအရှည်အတွက် လမ်းလုပ်ငန်းနိုင်နင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနကိုရေးမြို့အထွက် မိုင်တိုင် ၁၀၀ ကနေ မလွှဲတောင် ၁၁၅/၄ မိုင်အထိ ၁၅ မိုင် ၄ ဖာလုံအား ပြန်လည်အပ်နှံခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်မှ ခရိုင်အင်ဂျင်နီယာ ၁ ဦးနဲ့ လက်ထောက်အင်ဂျင်နီယာ ၁ ဦး၊ အငယ်တန်း အင်ဂျင်နီယာ ၁ ဦး၊ လုပ်သားအင်အား ၈၀ ဦးနဲ့ အောက်ပါလုပ်ငန်းများကိုလည်း ၁၇-၈-၂၀၁၁ နေ့ကနေပြီးတော့ ဆောင်ရွက်တဲ့အခါမှာ ၂-၉-၂၀၁၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနဲ့ ယာဉ်များချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ပါတယ်။ နိမ့်ကျွံပေါက်ကျနေသော လမ်းများအား ကျောက်သဲဖြည့်ခြင်း၊ ခင်းကြိတ်ခြင်း၊ ကြိုတင်ရောကတ္တရာများနဲ့ ဖာထေးခြင်းဟာ ၁၅ မိုင်နဲ့ ၄ ဖာလုံ၊ ရေလွှဲမြောင်း ဖောက်လုပ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေပြွန်၊ ရေမြောင်းများ တူးဖော်ရှင်းလင်းခြင်းက ၁၅ မိုင် ၄ ဖာလုံ၊ ဘေလီတံတား ၄/၁၀၃၊ ၂/၁၁၂(က)နှင့် ၁၀/၁၁၂၊ ၂/၁၁၅ တို့မှ သစ်သားကြမ်းခင်းများ၊ ဘီး၊ လက်ရန်းများ လဲလှယ်ခြင်းကတော့ ၄ စင်း၊ ပွင့်လင်းရာသီမှာ သဲကျောက်များနဲ့ ပြင်ဆင်ထားတဲ့ လမ်းပေါက်များကို ခွဲကျောက်များခင်းပြီးတော့ ကတ္တရာလောင်းပြင်ဆင်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လမ်းပြင်ဆင်ရန် ကတ္တရာများစုဆောင်းပြီးဖြစ်ပါတယ်။ ခွဲကျောက်များပြည့်ဝစွာရရှိရန်အတွက် မလွှဲတောင်ကျောက်မိုင်းမှ လုပ်သားအင်အား ၂၀ ဦးနဲ့ ကျောက်ဖောက်စက် ၂ လုံးနဲ့ ကျောက်ခွဲစက် ၂ လုံးနဲ့ ကျောက်များလည်း စုဆောင်းလျက်ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအဖွဲ့များမှ ဆောင်ရွက်လျက်ရှိတဲ့ လမ်း၊ တံတားများ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဘီအိုတီစနစ်နဲ့ဆောင်ရွက်နေသောလမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်စစ်ဆေးရန်အတွက် စစ်ဆေး

ရေးအဖွဲ့တွေ ၁၉ ဖွဲ့ ဖွဲ့ပြီးတော့ စစ်ဆေးကြပ်မတ်လျက်ရှိပါတယ်။ စစ်ဆေးမှုအစီရင်ခံစာများကိုလည်း စီမံခန့်ခွဲရေးကော်မတီကို ဆုံးဖြတ်ချက်ပြီးတော့ သက်ဆိုင်ရာကုမ္ပဏီများနှင့်တွေ့ဆုံပြီး ပညာပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းအသုံးပြုခ ကောက်ခံရန်ဂိတ်များတည်ဆောက်ထားတဲ့နေရာကို ဒေသအာဏာပိုင်အဖွဲ့အစည်းနဲ့ညှိနှိုင်းပြီး၊ ခွင့်ပြုပြီးမှ အသိအမှတ်ပြုသောနေရာမှာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ တာဝန်ယူထားသောလမ်းအပိုင်းများ မိုင်အရှည်အရ လမ်းတစ်မိုင်နှုန်းအပေါ်မှာ မူတည်ပြီးတော့ လမ်းအသုံးပြုခနှုန်းများလည်း ကောက်ခံတာဖြစ်ပါတယ်။ သံဖြူဇရပ်နဲ့ ရေးအပိုင်းမှာလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ခွင့်ပြုထားတဲ့ လမ်းအသုံးပြုခ ကောက်ခံရေးစခန်း ၁ ဂိတ်နဲ့ လမ်းတံတားအသုံးပြုခ ကောက်ခံရေးစခန်း ၁ ဂိတ်၊ ပေါင်း ၂ ဂိတ်သာရှိပါတယ်။ ၎င်း ၂ ဂိတ်မှာ ၉၄ မိုင် ၆ ဖာလုံမှာရှိတဲ့ ရေးဂိတ် (မြို့တော်ဦး)နဲ့ မြို့တော်ဦးဟာ ပုဂ္ဂလိကလုပ်ငန်းရှင် ဦးမောင်ဇော်ကို လေလံစနစ်ဖြင့် လမ်းအသုံးပြုခ ကောက်ခံထားသောဂိတ်ဖြစ်ပါတယ်။ မိုင်တိုင် ၉၈ မှာရှိတဲ့ရေးချောင်းတံတားဂိတ်ဟာ အေးကိုမိသားစုဆောက်လုပ်ရေးကုမ္ပဏီကနေပြီးတော့ သာမန်တံတားအသုံးပြုခကောက်ခံရန်အတွက် လေလံစနစ်ဖြင့် ခွင့်ပြုထားသော ဂိတ်ဖြစ်ပါတယ်။ ၎င်း ၂ ဂိတ်သာလျှင် ဆောက်လုပ်ရေးနဲ့ သက်ဆိုင်တဲ့ဂိတ်ဖြစ်ပါတယ်။ ရေးမြို့နယ်အတွင်း လမ်းအပိုင်းမှာ ဆောက်လုပ်ရေးနဲ့ လုံးဝမသက်ဆိုင်သော လမ်း၊ တံတားကောက်ခံတဲ့ဂိတ် ၅ ဂိတ်ရှိကြောင်း သိရှိရပါတယ်။ ၎င်းကတော့ လမိုင်းမြို့ဝင်ဂိတ်ကြေးဟာ စည်ပင်သာယာရေးဂိတ်ဖြစ်ပါတယ်။ ကြိုးတန်းတံတားဂိတ်ကတော့ သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့ရဲ့ ဂိတ်ဖြစ်ပါတယ်။ စံပြရွာဂိတ် သောင်းကျန်းသူဆန့်ကျင်ရေး အဖွဲ့ရဲ့ဂိတ်ဖြစ်ပါတယ်။ နှင်းစုံရွာဂိတ်ကလည်း နယ်ခြားစောင့်တပ် အမှတ် ၁၀၂၂ ရဲ့ ဂိတ်ဖြစ်ပါတယ်။ နှင်းစုံရွာဂိတ်ဟာ ဟောင်သရောငြိမ်းချမ်းရေးအဖွဲ့ရဲ့ဂိတ်ဖြစ်ကြောင်းတွေ့ရှိရပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော လမ်း၊ တံတားအသုံးပြုခကောက်ခံသည့်ဂိတ်များကို လမ်း၊ တံတား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဖြင့် အနီးကပ်စစ်ဆေးကြပ်မတ်ပြီး ပြည်နယ်အစိုးရရဲ့ကြီးကြပ်မှုဖြင့်ကောက်ခံပြီး စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းတို့ဆောင်ရွက်တဲ့နေရာမှာလည်း ပထမအကြိမ်လမ်းအသုံးပြုခ ကောက်ခံခြင်းများကို တစ်လပိတ်သိမ်းခြင်း၊ ဆက်လက်ပြီးပိုမိုကောက်ခံလို့ရှိရင်လည်း ထိရောက်စွာအရေးယူအပြစ်ပေးခြင်းများ လုပ်ပါတယ်။ အထက်ပါဂိတ်များနှင့်ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်သက်ဆိုင်သော လေလံဂိတ်များဟာ လေလံအောင်ကြေးကို နိုင်ငံတော်ကို သွင်းရတာဖြစ်ပါတယ်။ ကျန် ၅ ဂိတ် ကောက်ခံရရှိ

တာကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်မှုမရှိပါကြောင်း ပြောကြားလိုပါတယ်။ ပြည်သူ့ ဆောက်လုပ်ရေးအနေနဲ့ ဒီလမ်းဂိတ်များနှင့် ပတ်သက်လို့ နိုင်ငံတော်ကို ရရှိတဲ့ငွေများ ပေးသွင်းပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မော်လမြိုင်-သံဖြူဇရပ်-ရေးအပိုင်းအား ဘီအိုတီစနစ်နဲ့ ဆောင်ရွက်လျက်ရှိတဲ့ အေးကိုမိသားစုဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ တာဝန်ယူထားမှုအား ပြည်နယ်ဝန်ကြီးချုပ်မှလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ လည်းကောင်းတွေ့ဆုံပြီး ချောမွေ့စွာသွားလာနိုင်ရေးနဲ့ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နေခြင်းများကို တွန်းအားပေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ် ၆ ကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်းကတော့ မန္တလေးတိုင်း၊ ပျော်ဘွယ်မဲဆန္ဒနယ်မြေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ မေးမြန်းထားသော ပျော်ဘွယ်မြို့အနောက်ဘက် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးနဲ့ ပျော်ဘွယ်-နတ်မောက်-မကွေးဆုံရာ အဝေးပြေးလမ်းမကြီးကိုသွားမရအောင် ပိတ်ဆို့ထားပါသည်။ ပြည်သူများက ယင်းလမ်းမကြီးကိုမြင်ရသော်လည်း အသုံးပြု၍မရဖြစ်နေတာသည် အခြားမြို့များတွင် လမ်းဆုံများတွင် ဆက်သွယ်ပေးထားခြင်းရှိပါသည်။ ယင်းမြို့များကဲ့သို့ လမ်းနှစ်ခု ဆက်သွယ်ထားသော ပြည်သူများအတွက် အဆင်ပြေနိုင်ပါသည်။ ဆက်သွယ်ပေးနိုင်၊ မပေးနိုင်ဆောင်ရွက်နိုင်ပါက မည်သည့်ကာလတွင် ဆောင်ရွက်မည်ကိုဖြေရှင်းပေးဖို့ တင်ပြထားသောမေးခွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပျော်ဘွယ်မြို့အနောက်ဘက် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးနဲ့ ပျော်ဘွယ်-နတ်မောက်-မကွေးလမ်းဆုံရာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် ၂၆၂ မိုင် ၂ နဲ့ ပျော်ဘွယ်-ရွာမွန်-နတ်မောက် မိုင်တိုင် ၁၇/၅ တို့ဆုံရာမှာ တည်ရှိပါတယ်။ ၎င်းလမ်းဆုံနေရာတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်သို့ ပျော်ဘွယ်-ရွာမွန်-နတ်မောက် လမ်းနှင့်ဆက်သွယ်ပေးထားတဲ့ အတက်၊ အဆင်းလမ်းများဆောက်ရန်နှင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လုပ်ငန်း အစီအစဉ်များ ရေးဆွဲပြီးဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှ ပျော်ဘွယ်ဘက်သို့ အတက်၊ အဆင်းလမ်းဟာ ၅၀ ပေအကျယ် ၉၃၅ ပေအရှည် ကွန်ကရစ်လမ်းသစ်တည်ဆောက်ရန်နဲ့ နတ်မောက်ဘက်ကလည်း အတက်၊ အဆင်းဟာ ၅၀ ပေအကျယ်နဲ့ ၉၀၀ ပေအရှည် ကွန်ကရစ်လမ်းသစ် တည်ဆောက်မှာဖြစ်ပါတယ်။ အမြန်လမ်းမကြီးကို ဆက်သွယ်ဖောက်လုပ်ထားတာဖြစ်တဲ့အတွက် မြေသားတာဘောင်အမြင့် ပျမ်းမျှ ပေ ၄၀ အမြင့်အထိ တည်ဆောက်ရမှာဖြစ်ပါတယ်။ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်မှာ ပထမအဆင့်

မြေသားတာဘောင်အား ခိုင်ခံ့အောင် အလွှာလိုက်၊ အလွှာလိုက်ခင်းကြိတ်ပြီး တည်ဆောက်ခြင်း၊ တည်ငြိမ်သတ်မှတ်ထားတဲ့ တာဘောင်နဲ့အညီ လမ်းပုံစံရရှိရန် မြေသားပြုပြင်ပြီး ၆ လက်မထု အခြေခံလွှာ ကွန်ကရစ်ခင်းခြင်းနဲ့ ၎င်းအပေါ်မှာ ၁၂ လက်မထု ကွန်ကရစ်ထပ်ပိုးလွှာ ၅၀ ပေ အကျယ် ခင်းပြီး တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မိုးများတဲ့ကာလဆောင်ရွက် ရမယ်ဆိုရင် လုပ်ငန်းကုန်ကျစရိတ်ပိုမိုများပြားမှာဖြစ်တဲ့အတွက် အင်ဂျင်နီယာစံချိန်စံညွှန်းနဲ့ သတ်မှတ် နှုန်းပြည့်မီစွာဖြင့် သတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် ပွင့်လင်းရာသီ မိုးလေဝသကောင်းတဲ့အချိန်မှာ စတင်တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလဆန်းမှာ လမ်းလုပ်ငန်းစတင်ဆောင်ရွက်မှာ ဖြစ်ပြီး ၂၀၁၁ ခုနှစ်၊ ဘဏ္ဍာရေးနှစ် အကုန်မှာ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်စိုးလေး(မိုးညှင်းမဲဆန္ဒနယ်)**။ ။ လေးစားဂါရဝပြုအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေး- မြစ်ကြီးနား မီးရထားလမ်းနဲ့ မြန်မာ့မီးရထားတွဲများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးမယ့် အစီအစဉ် ရှိ၊ မရှိ မေးမြန်းတင်ပြလိုပါတယ်။ ယခု နိုင်ငံတော်အစိုးရဖွဲ့သည့်လက်ထက်မှာ ကျွန်တော်တို့ မန္တလေး- မြစ်ကြီးနား လမ်းပိုင်းအတွင်း ရထားစီးရေ တိုးချဲ့ပြေးဆွဲပေးခဲ့အတွက် ဒေသခံခရီးသွားပြည်သူများ အထူးပဲ ဝမ်းမြောက်ကျေနပ်လျက်ရှိပါတယ်။ သို့သော်လည်း မြန်မာ့မီးရထားလမ်း ကြံ့ခိုင်မှုနဲ့ မီးရထားတွဲများ အရည်အချင်းပြည့်မီမှုမရှိတဲ့အတွက်ကြောင့်မို့ အဆိုပါလုပ်ငန်းများကို ယခုထက် ပိုမို ကောင်းမွန်ရန် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်မယ့်အစီအစဉ် ရှိ၊ မရှိ မေးမြန်းတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုးညှင်းမဲဆန္ဒနယ်မြေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးမှ မန္တလေး-မြစ်ကြီးနား ရထားလမ်းကို အဆင့်မြှင့်တင်ပေးရန်နှင့် မန္တလေး-မြစ်ကြီးနား ရထားတွဲများကို အဆင့်မြှင့်တင် ပေးရန် မေးမြန်းချက်

အပေါ် ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးအောင်မင်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမအမေးကို စတင်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မန္တလေး-မြစ်ကြီးနား ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို နှစ်စဉ် ဘဏ္ဍာငွေရရှိမှုအပေါ်မှာ မူတည်၍ ပြုပြင်ဆောင်ရွက်လျက် ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျပ် သန်း ၃၅၀ ခွင့်ပြုချက်ရရှိသဖြင့် ဦးစားပေးလုပ်ငန်း အလိုက် ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းလမ်းပိုင်းတွင် ဦးစားပေးအရ မဲဇာ-ဘုတ်ကျောင်းရထားလမ်းပိုင်းကို တစ်နှစ်ပတ်လုံး စိတ်ချလက်ချ သွားလာနိုင်ရေးအတွက် ပထမအဆင့် အနေဖြင့် ငွေ့ ၅ ငွေ့အား အကြီးစားပြုပြင်ခြင်း၊ ၇၅ဘောင် သံလမ်းအသစ်များဖြင့် လဲလှယ်ခြင်း၊ ၆ ပေအကျယ် ဘောက် ရေထွက်ပေါက်များ တည်ဆောက်ခြင်း၊ လမ်းခင်းကျောက်ဖြည့်တင်း၍ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ယခုနှစ် မိုးမကျမီကပင် ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိကွန်ကရစ်ဇလီဖားနှင့်လမ်းခင်းကျောက် ထပ်မံဖြည့်သွင်းသည့်လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။ မဲဇာ-ဘုတ်ကျောင်းရထားလမ်းပိုင်းသည် တောင်တက်၊ တောင်ဆင်း ဆင်ခြေလျှောမတ်စောက်ခြင်း ၄ ပုံသဏ္ဍာန်ငွေ့များအပါအဝင် ငွေ့ ၃၃ ငွေ့ ရှိနေခြင်း၊ မိုးကာလတွင် ရထားလမ်း၏ အရှေ့ကပ်လျက်တည်ရှိသော ငရဲချောင်းရေတိုက်စားမှုကြောင့် ရထားလမ်းတာဘောင် များ ပဲ့ပါခြင်းများရှိသည့်အတွက် ရာသီမရွေးစိတ်ချလက်ချအသုံးပြုနိုင်သည့် လမ်းကြောင်းတစ်ခုကို ရှာဖွေပြီးလာမည့် ပွင့်လင်းရာသီတွင်ဖောက်လုပ်နိုင်ရေး လျာထားစီစဉ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ စက်ခေါင်းများ၏တွေ့ရှိချက်များအရ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းသည် ယခင်နှစ်များထက် ပိုမို တိုးတက်ကောင်းမွန်လာကြောင်း သိရှိရပါတယ်။ လမ်းပိုင်းအဓိကအားနည်းချက်မှာ သစ်သားဇလီဖား အဆွေးမြန်ခြင်းပင်ဖြစ်ရာ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ထုတ်လုပ်လာသော ကွန်ကရစ်ဇလီဖားများကို ပိုမိုအသုံးပြုပြီး လမ်းပိုင်းကြံ့ခိုင်တောင့်တင်းစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါ ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယအမေးကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတွင် လက်ရှိပြေးဆွဲနေသည့် လူစီးတွဲများအနက် သတ်မှတ်သက်တမ်း ၃၀ နှစ်ကျော်လွန် နေသည့် လူစီးတွဲများမှာ ၄၅ ရာခိုင်နှုန်းရှိသဖြင့် သက်တမ်းသည် လူစီးတွဲများအဖြစ် အစားထိုး လဲလှယ်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ယင်းတို့ အစားထိုးလဲလှယ်ရေးအတွက် ရထား စက်ခေါင်း ၄၀၊ လူစီးတွဲ ၂၁၇ တွဲနှင့် ကုန်တွဲသစ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူရန် စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ ဝယ်ယူရန်စာချုပ်ချုပ်ဆိုပြီးနောက် ၆ လမှ ၂၄ လအတွင်း စက်ခေါင်း

အသစ်နဲ့ တွဲအသစ်များ ရောက်ရှိလာမှာ ဖြစ်ပါတယ်။ တွဲအသစ်များရောက်ရှိလာချိန်တွင် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် လူစီးတွဲအသစ် ၆၀ ကို ထည့်သွင်းအသုံးပြုသွားမှာ ဖြစ်ပါတယ်။ စက်ခေါင်းနှင့်တွဲများ လိုအပ်ချက်များကို အမြဲဖြည့်တင်းနိုင်ရန်အတွက် တရုတ်ချေးငွေ အမေရိကန် ဒေါ်လာ ၉၄ သန်းဖြင့် ရထားစက်ခေါင်းစက်ရုံတစ်ခုကို နေပြည်တော်မှာလည်းကောင်း၊ တွဲတည်ဆောက်ရေးစက်ရုံကို မြစ်ငယ်၌လည်းကောင်း တည်ဆောက်ရန်စီစဥ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ တွဲအသစ်များအစားမထိုးမီကာလတွင် မြန်မာ့မီးရထားအနေဖြင့် တွဲပျက်စီးမှုကြိုတင်ကာကွယ်ခြင်း၊ မွမ်းမံထိန်းသိမ်းမှုအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၁၄ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ ဓာတ်မြေသြဇာများကို တောင်သူလယ်သမားများ လက်လှမ်းမီသည့် သင့်တော်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးပါရန် အဆိုနှင့်စပ်လျဥ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၈ ဦး က အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ မြိတ်မဲဆန္ဒနယ်မှ ဦးငွေးမြင့်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးငွေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို တင်သွင်းသွားတဲ့ စိုက်ပျိုးသီးနှံများ အထွက် တိုးတက်ရေးအတွက် ဓာတ်မြေသြဇာများ သက်သာသောနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးရေး အဆိုတွင်ပါရှိသည့် အကြောင်းအရာအချို့ကို အဓိကထား၍ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဓာတ်မြေသြဇာများ အလွယ်တကူဝယ်ယူရရှိစေခြင်းဖြင့် သီးနှံများအထွက်တိုးလာစေရန် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်၏ ဆွေးနွေးတင်ပြချက်ကို ဖတ်ကြားတင်သွင်းခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသည့်အထဲတွင် စိုက်ပျိုးရေးကို အခြေခံသော စက်မှုဖွံ့ဖြိုးသည့် နိုင်ငံအဖြစ်တည်ဆောက်ရန်ဆိုသည့်အချက်သည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော အချက်ဖြစ်သည့်အပြင် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အခြေခံကျပြီး အလျင်အမြန် လုပ်ဆောင်ရမယ့်အချက်လည်း

ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အမျိုးသားအသားတင်ထုတ်လုပ်မှုတန်ဖိုး GDP ၏ ၃၂ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန်တန်ဖိုး ၁၇.၅ ရာခိုင်နှုန်းရှိသည်ကိုလည်း သတိပြုမှတ်သားမိပါသည်။ စပါးအပါအဝင် စိုက်ပျိုးရေးထွက်ကုန် သီးနှံများပိုမိုထွက်ရှိမှသာ နိုင်ငံတော်ဝင်ငွေ တိုးတက်လာမည် ဆိုတာလည်း သေချာဖော်ပြထားတာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် ပြည်သူတစ်ရပ်လုံး စိုက်ပျိုးရေးကဏ္ဍတွင် စိတ်ပါဝင်စားလာစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ယခုထက်ပို၍စွဲဆောင်မှုများ၊ မက်လုံးပေးမှုများ၊ အခွင့်အရေးများ ပိုမိုအလေးထားပြီးတော့ ပေးအပ်ရမည့်အပြင် အခွန်အကောက်များ သက်သာအောင် ဖန်တီးပေးရမှာဖြစ်သလို အရင်းအနှီးများရရှိစေရန် ငွေကြေးအဖွဲ့အစည်းများအနေဖြင့်လည်းပဲ ပြည်တွင်းပြည်ပအကူအညီများ ရရှိရန်အတွက်လုံလောက်သော ပံ့ပိုးမှုများကို ကူညီဆောင်ရွက်ပေးနိုင်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်သော စက်မှုကဏ္ဍတို့တွင် ရင်းနှီးလုပ်ကိုင်မှု အလိုအလျှောက်များပြားလာပြီးတော့ နိုင်ငံထုတ်ကုန်အမျိုးသား အသားတင်ထုတ်လုပ်မှုတန်ဖိုး GDP အရှိန်အဟုန်နှင့် တိုးတက်ပြောင်းလဲလာပြီးတော့ ပြည်သူများအလုပ်အကိုင် ရရှိလာပြီးတော့ ဆင်းရဲခြင်းလျော့ပါးလာ၍ သက်သာလာမှာဖြစ်ကြောင်း အမှန်တကယ်ဖြစ်မှာ ဖြစ်ပါကြောင်း ယူဆအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်မှ ဆက်လက်တင်ပြထားသည်မှာ သီးနှံအထွက်တိုးစေရန် မျိုးကောင်း မျိုးသန့်အသုံးပြု၍ ဓာတ်မြေဩဇာများ အပြည့်အဝသုံးစွဲခြင်းကြောင့် ယခုထက် ၂၀ ရာခိုင်နှုန်း သီးနှံများ ပိုမိုထွက်ရှိလာပြီး တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ကာ လူမှုစီးပွားရေးဘဝ မြှင့်တင်လာပြီး၊ နိုင်ငံခြားဝင်ငွေများလည်း ပိုမိုရရှိကြောင်းကိုလည်းပဲ မီးမောင်းထိုးပြထားပါတယ်။ ဒါ့ပြင် ကျွန်တော်တို့ နိုင်ငံ၏ပတ်ဝန်းကျင်တွင် ကမ္ဘာ့လူဦးရေ၏ တစ်ဝက်ခန့်ရှိသော စားရေးအတွက် လိုအပ်သည့်ဈေးကွက်ကြီးတစ်ရပ် ရှိသည်ကိုလည်း မြင်သာ၊ ထင်သာဖော်ပြထားတာကိုလည်းပဲ သတိပြုမိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ နိုင်ငံထက်သေးငယ်ပြီးတော့ လူဦးရေပိုများသော ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့သည် ကမ္ဘာ့စံတင်မှု၏ ပထမနေရာမှ ဒုတိယနေရာ အသီးသီးမှာ ရောက်ရှိနေတာကိုလည်း ကျွန်တော်တို့အနေနဲ့ အသိအမှတ်ပြုနိုင်ဖို့ တင်ပြသွားတာ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါဟာဆိုရင် ကျွန်တော် ဘာလုပ်ကြရမှာလဲ။ အဲဒီမေးခွန်းကို ကိုယ့်ဘာသာကိုယ် ဖြေကြရမယ်ဆိုရင် ကျွန်တော်တို့ဟာ မိမိတို့မှာရှိတဲ့ ရေသယံဇာတ၊ မြေသယံဇာတ၊ လူ့အရင်းအမြစ် သယံဇာတတွေနဲ့ သဘာဝအရင်းအမြစ် သယံဇာတတွေကို အသုံးတည့်အောင် ကိုယ်တိုင်

ဖန်တီး လုပ်ကိုင်နိုင်အောင် လုပ်ဆောင်ကြရာမှာ ဖြစ်ပါတယ်။ လုပ်ဆောင်နိုင်အောင် အချိန်ရောက်ရှိပြီ ဟုလည်း ယူဆပါတယ်။ ပေါများတဲ့သဘာဝ ဓာတ်ငွေ့တွေကို စိုက်ပျိုးရေးမှာ လိုအပ်တဲ့မြေဩဇာတွေ ဖြစ်အောင်ကျွန်တော်တို့လုပ်ကြမယ်။ ပြည်သူတွေအသုံးပြုနိုင်တဲ့ LBG-CNG LDP ဆိုတဲ့အရာတွေကို ပြောင်းလဲနိုင်အောင် ဆောင်ရွက်နိုင်လို့ရှိရင် ကျွန်တော်တို့ ပြည်သူများအနေနဲ့ အများပိုင်ကုမ္ပဏီများ တည်ထောင်ပြီးတော့ တစ်ပေါင်းတည်းစက်ရုံများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီးလုပ်ဆောင်နိုင်ဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။ နိုင်ငံတော်မှလည်း Naturan Gas ဆိုတာမျိုး ကုန်ကြမ်းအနေဖြင့် ရောင်းမည့်အစား ဒီထက်သာလွန်တဲ့ ကုန်ချောစက်ရုံများတည်ထောင်စေပြီး အားပေးပံ့ပိုးကူညီမှုများ လုပ်ဆောင်ပေးရမည့်အချိန်လည်း ရောက်ရှိနေပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အတားအဆီးမရှိ စီးဆင်းနေတဲ့ မြစ်တွေ၊ ချောင်းတွေ၊ ရေတွေကို လျှပ်စစ်ဓာတ်အားတွေ ရှိအောင်ဆောင်ရွက်ကြမယ်။ ကုန်ထုတ်လမ်းတွေအဖြစ် အသုံးပြုနိုင်အောင်ဆောင်ရွက်ကြမယ်။ စိုက်ပျိုးမြေတွေဖြစ်အောင်ဖန်တီး လုပ်ဆောင်ကြမယ်။ အဲဒီလုပ်ငန်းတွေကိုလုပ်နိုင်ဖို့အတွက် လိုအပ်ချက်တွေရှိနေပါတယ်။ ဒီလိုအပ် ချက်တွေကို ဆောင်ရွက်နိုင်ဖို့၊ ကွက်လပ်ဖြည့်နိုင်ဖို့ဆိုတာ အရေးကြီးဆုံးကတော့ လုပ်ကိုင်ခွင့်နဲ့ ငွေပဲဖြစ်ပါတယ်။ ငွေရဖို့ဆိုတာ ဒီကနေ့ကျင့်သုံးနေတဲ့ ငွေကြေးစနစ်တွေ၊ ဘဏ်စနစ်တွေကို ခေတ်နှင့်အညီ ပြောင်းလဲဖို့ လိုအပ်ပါတယ်။ အစိုးရမှစိုက်ထုတ်မှုမလိုပဲ ဥပဒေနှင့်အညီ ပြည်တွင်း၊ ပြည်ပငွေကြေး ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူတွေကို လုပ်လို့ကိုင်လိုရအောင် အားပေးလိုက်ရုံပဲ ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းဖြင့် ဓာတ်မြေဩဇာများကို ပြည်တွင်းဈေးကွက်မှာ အလွယ်တကူရရှိပြီး စိုက်ပျိုး ရေးလုပ်ငန်းတွေအားလုံးမှာ အပြည့်အဝသုံးစွဲနိုင်ရန် လွယ်ကူအောင်စီမံလုပ်ဆောင်ပေးခြင်းမျိုးတွေ လုပ်နိုင်မယ်ဆိုလို့ရှိရင် အဆိုရှင်တင်ပြသွားတဲ့ အရာအားလုံးကို တိုးတက်ပြောင်းလဲစေပါမယ်လို့ ယုံကြည်စွာ တင်ပြအပ်ပါတယ်။ အဆိုရှင်တင်သွင်းထားသော အကြောင်းအရာပေါ်မှာမူတည်၍ ရည်ရွယ်ချက်တူညီစွာဖြင့် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်မြေဩဇာကို တောင်သူလယ်သမားများ လက်လှမ်းမီသည့် သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးပါရန် ဆိုသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ငွေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ငွေး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

ဦးခင်မောင်ဌေး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်အနေနဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ အဆိုဖြစ်သော ဓာတ်မြေဩဇာများကို တောင်သူလယ်သမားများ လက်လှမ်းမီသည့် သင့်တော်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးပါရန်အဆိုကို ထောက်ခံတင်ပြ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ထောက်ခံတင်ပြချက်ကို စာဖြင့်ဖတ်ကြားခွင့်ပြုပါ ရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်တည်ဆောက်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ယခု စက်တင်ဘာလ ၄ ရက်နေ့မှာ စိုက်ပျိုးရေးတက္ကသိုလ်ပညာပေး စခန်းလေ့လာရေးခရီးစဉ်မှာ ပြည်ထောင်စုလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ကြီးကလည်း နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ဦးဆောင်ပြီး နိုင်ငံအဝန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အမျိုးသားရေးလုပ်ငန်းတာဝန်အဖြစ် အကောင်အထည်ဖော်ဆောင်ရာတွင် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအား ကိုယ်စားပြုသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရာ၌ လေ့ကျင့်ပညာပေးရေးတာဝန် Training and Education သည်အဓိကကျကြောင်းပြောကြားခဲ့တာကို မှတ်သားမိပါတယ်ခင်ဗျား။ လယ်သမားများ ဘဝမြင့်မားရေးအတွက် သိပ္ပံနည်းကျစနစ် ၁၄ ချက်နှင့်အညီ စိုက်ပျိုးထားသောအထူးအထွက်တိုး စပါးခင်းကြီးများနှင့် ကြံခင်းနှင့် မြေပဲခင်းများကိုလည်း အားရစွာတွေ့မြင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆန်စပါးသာမက ဆီထွက်နေကြာ၊ ကြံ၊ ပဲ၊ အစေ့ထုတ်ပြောင်းနှင့် သီးနှံအမျိုးမျိုး၏ Hybrid Seeds စပ်မျိုးများကိုပဲ နိုင်ငံတော်၏ စိုက်ပျိုးရေးပညာရှင်များက စီးပွားဖြစ်ထုတ်လုပ် ဖြန့်ဖြူးပေးကြောင်း လေ့လာသိရှိပါတယ်ခင်ဗျား။ ပညာပေးရေးနှင့် မျိုးကောင်းမျိုးသန့်များအရေးကြီးသလို သွင်းအားစုဖြစ်သော ဓာတ်မြေဩဇာသည်လည်း အထူးအထွက်တိုးသီးနှံများ စိုက်ပျိုးရာတွင် မရှိမဖြစ်အလွန်ပဲအရေးကြီးလှပါသည်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးအတွက် ဆောင်ပုဒ်လေးတစ်ခု တင်ပြပါရစေ။ ဒါကတော့ "မြေကိုပြင်ရမည်၊ လူကိုသင်ရမည်၊ မြေညံ့မရှိ၊လူညံ့သာရှိသည်"ဟုမှတ်သားမိပါတယ်ခင်ဗျား။ သို့ပါ၍ မြေကိုပြင်ရန်အတွက် ဓာတ်မြေဩဇာသည် အလွန်အရေးကြီးလှပါတယ်။ ကျေးဇူးရှင်လယ်သမားကြီးများ၊ မိသားစုဝင်ငွေနှင့် နိုင်ငံတော်ဝင်ငွေများစွာရရှိရေးအတွက် သွင်းအားစုဖြစ်သော ဓာတ်မြေဩဇာများကို အောက်ဖော်ပြပါ မှန် ၄ ချက်ဖြင့်-

(၁) ဓာတ်မြေဩဇာအမျိုးအစားမှန်

(၂) သတ်မှတ်သောအလေးချိန်မှန်

(၃) ရာသီသီးနှံအလိုက်မြေဆီကျွေးရန် ဓာတ်မြေသြဇာရောက်ရှိချိန်မှန်

(၄) ဈေးနှုန်းအမှန်

စသောမှန် ၄ မှန်ဖြင့် အမှန်တကယ်အသုံးပြုသော တောင်သူလယ်သမားများလက်ဝယ်သို့ သီးနှံအထွက်တိုးရန်အတွက် လုံလုံလောက်လောက် လိုအပ်သောအချိန် သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရန် လေးစားစွာဖြင့် တင်ပြဆွေးနွေးပြီး အဆိုရှင်သူရဦးအောင်ကို ကန်ပက်လက်မဲဆန္ဒနယ်မှ တင်သွင်းသွားသော ဓာတ်မြေသြဇာများကို တောင်သူလယ်သမား လက်လှမ်းမီသည့် သင့်တော်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးပါရန်အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်၊ ဦးစောဘသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ ကာယစိတ္တ၊ သုခနှစ်ဝပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို အဆိုတင်သွင်းတဲ့ ဓာတ်မြေသြဇာများကို တောင်သူလယ်သမားများအားလက်လှမ်းမီသည့် သင့်တော်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးပါရန်အဆိုကို အကျိုးအကြောင်းပြ ထောက်ခံဆွေးနွေးသွားမှာကို ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာလူသားထု တစ်ရပ်လုံးအတွက် မရှိမဖြစ်လိုအပ်နေတာက စား၊ ဝတ်၊ နေရေးပဲဆိုတာအားလုံးသိပြီး ဖြစ်ပါတယ်။ အဲဒီသုံးချက်ထဲက နေ့တိုင်းလိုအပ်နေတာကတော့ စားရေးပဲဖြစ်ပါတယ်။ စားဖို့အတွက်ဆိုရင် စိုက်မှစားရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့လူဦးရေ လေးပုံသုံးပုံလောက်ဟာ ကျေးလက် နေပြည်သူများဖြစ်ပြီး လယ်ယာလုပ်ငန်းကိုအဓိကထား ဝမ်းစာရှာဖွေစားသောက်နေရသူများ ဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းမှ ထွက်ရှိတဲ့ဆန်စပါးများကိုလည်း ခေတ်အဆက်ဆက်နိုင်ငံခြား ကုန်တင်ပို့ ရောင်းချပြီးနိုင်ငံခြား ငွေရရှိအောင်ပြုလုပ်ခဲ့ရသည်မှာလည်း ယခုအထိပင် ဖြစ်ပါတယ်။ ယခင်က ကျွန်တော်တို့နိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးမှာ သမာရိုးကျရိုးရိုးနွားချေးကိုသာထည့်သုံးစိုက်ပျိုးတဲ့အတွက် စပါးအထွက်နှုန်းဟာ တစ်ဧကမှာ တင်း ၂၅ တင်းမှ တင်း ၄၀ အထိသာ ရရှိခဲ့

ပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ရောက်လာတဲ့အခါကြမှသာ နိုင်ငံခြားမှဓာတ်မြေသြဇာများကို မှာယူတင်သွင်းပြီး ရောင်းချပေးတဲ့အတွက် မြေသြဇာဈေးနှုန်းကိုလည်း အရှုံးခံရောင်းချပေးခဲ့ခြင်းအတွက် ယခင်ကပုလဲဓာတ်မြေသြဇာ ၅၀ ကီလိုဂရမ်တစ်အိတ်ကို အစိုးရဈေး ၁၈ ကျပ် နှုန်းဖြင့်သာဝယ်ယူခွင့် ဆောင်ရွက်ခွင့်ရရှိခဲ့ရပါတယ်။ ယခု ပုလဲဓာတ်မြေသြဇာတစ်အိတ်ကို အစိုးရဈေးနှုန်းဖြင့် ၁၆၅၀၀ ကျပ် နှုန်းဖြင့်ဝယ်ယူသုံးစွဲနေရတယ်ဆိုတာကို သိရှိရပါတယ်။ ယနေ့ လျှောက်လှမ်းနေတဲ့ ပါတီစုံဒီမိုကရေစီခေတ်မှာလည်း စီးပွားရေးဦးတည်ချက်မှာပါရှိတဲ့ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးကို ဆောင်ရွက်ရာမှာ အခြေခံခိုင်မာမှ အခြားကဏ္ဍများလည်း အောင်မြင်မှာမို့ အခြေခံစိုက်ပျိုးရေးလုပ်ငန်းမှာ မသုံးမဖြစ်လိုအပ်နေတဲ့ ဓာတ်မြေသြဇာများ ဈေးနှုန်းကြီးမြင့်နေပြီးတော့ ပြည့်ပြည့်ဝဝအသုံးမပြုနိုင်တာကြောင့် သီးနှံထွက်နှုန်းများ လျော့နည်းနေရပါတယ်။ တောင်သူလယ်သမားများအနေနဲ့ လယ်ယာလုပ်ကိုင်ရာမှာ နေ့စားခမသက်သာ၊ မြေသြဇာကဈေးကြီး၊ သီးနှံကမထွက်၊ ဈေးကွက်ကမရတာကြောင့် ဆင်းရဲခြင်းသံသရာမှ ဂျပ်အေးသူ့အမေရိုက်လို့ ဖြစ်နေရပါတယ်။ ဒါကြောင့်မို့ သူရဦးအောင်ကို တင်သွင်းတဲ့ဓာတ်မြေသြဇာများကို တောင်သူလယ်သမားများ လက်လှမ်းမီသည့် သင့်တော်သည့်ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးပါရန်ဆိုတဲ့အဆိုဟာ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူဖြစ်နေတဲ့အတွက် လေးလေး နက်နက်ထောက်ခံပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ကံမမဲဆန္ဒနယ်မှ ဦးပိုက်ထွေး ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးပိုက်ထွေး(ကံမမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့ သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုတင်ပြတဲ့ ဓာတ်မြေသြဇာများကို တောင်သူလယ်သမားများ လက်လှမ်းမီသည့်သင့်တော်သော ဈေးနှုန်းဖြင့်ဖြန့်ဖြူးရောင်းချပေးပါရန် အဆိုအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို စာဖြင့်ဖတ်ကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်တဲ့အလျောက် ပြည်တွင်းအဓိက စားသုံးသီးနှံဖြစ်တဲ့ ဆန်စပါးနဲ့ နိုင်ငံခြားဝင်ငွေရရှိနိုင်သော ပြည်ပပို့ကုန်ပဲမျိုးစုံတို့ကို ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါတယ်။ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံ လိုအပ်ချက်ကြီး ငါးခုရှိပါတယ်။ ၎င်းအချက်များမှာ-

(၁) အထွက်ကောင်းမျိုးကောင်းမျိုးသန့်များအသုံးပြုခြင်း

(၂) ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်း

(၃) သွင်းအားစု စိုက်ပျိုးရေအပါအဝင် ဓာတ်မြေသြဇာ၊သဘာဝမြေသြဇာများကို အချိန်ကိုက် အချိုးကျအသုံးပြုခြင်း

(၄) မျိုးစေ့သွင်းအားစုအပါအဝင် အပင်စိုက်ပျိုးချိန်မှရိတ်သိမ်းချိန်အထိ အလေအလွင့် ဆုံးရှုံးမှု နည်းအောင်ဆောင်ရွက်ခြင်း

(၅) ထွက်ရှိလာသည့်သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင်ဆောင်ရွက် ပေးခြင်းတို့ပဲဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ တောင်သူလယ်သမားများ အကျိုးစီးပွားအတွက် ကျွန်တော်အထက်က တင်ပြခဲ့တဲ အချက်ကြီးငါးချက်ကို ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ပေးခြင်းတို့ကို ကျွန်တော်တို့အားလုံး လက်တွေ့ခံစားတွေ့မြင်နေကြရပြီဖြစ်ပါတယ်။ ၎င်းအချက်များမှာမှ နံပါတ် (၃) အချက်ဖြစ်တဲ့ သွင်းအားစုစိုက်ပျိုးရေအပါအဝင် ဓာတ်မြေသြဇာ၊သဘာဝမြေသြဇာများကို အချိန်ကိုက် အချိုးကျအသုံးပြုနိုင်ရေးကို ယခုထက်ပိုမိုထိရောက်အကျိုးရှိအောင် ဆောင်ရွက်ပေးနိုင်မယ်ဆိုပါက တောင်သူလယ်သမားများအနေနဲ့ "အချိုပေါ်သကာလောင်း"ဆိုသကဲ့သို့ခံစားကြရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာအနေနဲ့ တင်ပြရမယ်ဆိုရင် စပါးအထွက်နှုန်းကောင်းစေရန် ဓာတ်မြေသြဇာသုံးစွဲမှုဟာ တစ်ဧကလျှင် ယူရီးယားတစ်အိတ်ခွဲနဲ့ တီစူပါတစ်အိတ်နှုန်း အပြည့်အဝသုံးစွဲရန် လိုအပ်ပါတယ်။ ယူရီးယားတစ်အိတ်ကို အစိုးရဈေး ၁၆၀၀၀ ကျပ် ဖြစ် သော်လည်းပုဂ္ဂလိကဈေးနှုန်း ၂၂၀၀၀ ကျပ်ဖြစ်တဲ့အတွက် ဈေးနှုန်းကွာခြားမှု ၆၀၀၀ ကျပ်ခန့် ရှိပါတယ်။ ထို့အတူ တီစူပါဈေးနှုန်းမှာလည်း အစိုးရဈေးနှုန်းတစ်အိတ် ၁၈၀၀၀ ကျပ်ဖြစ်သော်လည်း ပုဂ္ဂလိက ဈေးနှုန်းတစ်အိတ် ၂၄၀၀၀ ကျပ်ဖြစ်လို့ ဈေးနှုန်းကွာခြားချက် ၆၀၀၀ ကျပ်ခန့် ရှိပါတယ်။ တောင်သူလယ်သမားတစ်ဦးအနေနဲ့ စပါးတစ်ဧကအတွက် သုံးစွဲရမယ့်ဓာတ်မြေသြဇာကို အစိုးရ ဈေးနှုန်းနဲ့ ရရှိနိုင်ပြီဆိုပါက ၄၂၀၀၀ ကျပ်သာကုန်ကျမည်ဖြစ်ပြီး ပုဂ္ဂလိကဈေးနှုန်းထက် ၁၅၀၀၀ ကျပ်

သက်သာမှာ ဖြစ်ပါတယ်။ ၎င်းအပြင်ဓာတ်မြေသြဇာကို အချိန်ကိုက်အချိုးကျအပြည့်အဝ အသုံးပြုနိုင် သဖြင့် စပါးအထွက်နှုန်းပိုမိုတိုးတက်ပြီး ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးလည်း ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြလိုတဲ့ အစိုးရဈေးနှုန်းဆိုတာ ဆိုရှယ်လစ်ခေတ် အစိုးရဈေးနှုန်းမဟုတ်ဘဲ ဒီမိုကရေစီခေတ် ဈေးကွက် စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေရှိပြီး သင့်တင့်မျှတတဲ့ဈေးနှုန်းကို ဆိုလိုခြင်းဖြစ်ပါတယ်။ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ တိုးတက်မြင့်မားစေရန် စိုက်ပျိုး ရေးနဲ့ဓာတ်မြေသြဇာများကို အချိန်ကိုက်အချိုးကျအသုံးပြုနိုင်ရေးဟာ အဓိကလိုအပ်ချက်တစ်ခု ဖြစ်ပါတယ်ခင်ဗျား။ လက်ရှိဆောင်ရွက်နေတဲ့ ဓာတ်မြေသြဇာထုတ်လုပ်မှု၊ တင်သွင်းမှု၊ ဖြန့်ဖြူးမှုဆိုတဲ့ လုပ်ငန်းစဉ်တို့ကို ပြန်လည်သုံးသပ်ပြီး တောင်သူလယ်သမားများထံသို့ ဓာတ်မြေသြဇာများအချိန်မီ ရောက်ရှိအသုံးပြုနိုင်ရေး၊ သင့်တင့်မျှတသောဈေးနှုန်းဖြင့်ရရှိနိုင်ရေး၊ အရည်အသွေးအချိန်အတွယ် မှန်ကန်ရေး၊ လိုအပ်ချိန်တွင် အလွယ်တကူဝယ်ယူရရှိနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် ဖြည့်စွက်အကြံပြု တင်ပြအပ်ပါတယ်ခင်ဗျား။ ဤကဲ့သို့စီမံဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ရဲ့ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝမြင့်မားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေးတို့ကို အထောက်ကူပြုစေမှာဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးရင်း ကျွန်တော့်ရဲ့တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း (သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ အထူးဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို တင်သွင်းသွားတဲ့ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး အတွက် ဓာတ်မြေသြဇာကို တောင်သူလယ်သမားများ လက်လှမ်းတမီ ဝယ်ယူရရှိရေး၊ သင့်တင့်သော ဈေးနှုန်းဖြင့်ဝယ်ယူရရှိရေးဆိုတဲ့အဆိုကို ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးဝင်းသန်းကပါဝင် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကဲ့သို့ ကျွန်တော်တို့စပါးစိုက်တောင်သူတွေ အတွက်မျှော်လင့်တောင့်တနေတဲ့ ဓာတ်မြေသြဇာကို လက်လှမ်းတမီဝယ်ယူရရှိရေး အဆိုကို

ကိုယ်စားလှယ်ကြီးသူရဦးအောင်ကိုက တင်သွင်းပေးသွားတဲ့အတွက် လှိုက်လှဲစွာကြိုဆိုပါတယ်။ အကယ်၍ လွှတ်တော်ရဲ့အချိန်များကိုမငဲ့ကွက်ရဘူးဆိုရင် ဒီခေါင်းစဉ်ကို ကျွန်တော်တို့မြစ်ဝကျွန်းပေါ်၊ ဧရာဝတီအစရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ဝင်ရောက်ဆွေးနွေးမိကြမှာ အမှန်ပါပဲဖြစ်ပါတယ်။ ကျွန်တော်ကတော့ ထုတ်လုပ်မှုရှုထောင့်မှမဟုတ်ဘဲ ကုန်သွယ်မှုရှုထောင့်မှ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရှေ့က ကိုယ်စားလှယ်တော်ကြီးများ တချို့ဆွေးနွေးသွားတဲ့ အချက်အရ အစိုးရဖြန့်ဝေနှုန်းနဲ့ပုဂ္ဂလိက ဈေးကွက်အကြားမှာ ပျမ်းမျှစာတ်မြေသြဇာ တစ်အိတ်ကို ၆၀၀၀ ကျပ်ကွာဟနေတဲ့အချက်ဟာ တော်တော်ကြီးမားတဲ့ကိန်းဂဏန်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ဈေးကွက်စီးပွားရေးစနစ်ကို လျစ်လျူရှုပြီးတော့ အစိုးရက အရှုံးခံစိုက်ထုတ်ဆောင်ရွက်ပေးရမယ်လို့ တင်ပြလိုခြင်းမဟုတ်ပါဘူး။ တကယ်ပဲ ဈေးကွက်ရဲ့ သဘောသဘာဝအရ ဒီလောက်ကွာဟ နေတာဟာ အမှန်ပဲဆိုရင်အခြားနည်းလမ်း ကျွန်တော်တို့ ဘယ်လိုရှာကြမလဲဆိုတာ အလျင်အမြန် ဖြေရှင်းပေးသင့်တဲ့ကိစ္စကြီးတစ်ခု ဖြစ်လာနေတာကိုပဲ မီးမောင်းထိုးပြချင်တာပါ။ အမှန်တကယ် ဓာတ်မြေသြဇာအနိမ့်ဆုံးလိုအပ်ချက်အပေါ်မှာ ပြည်တွင်းထုတ်လုပ်မှုနဲ့ တင်သွင်းမှုပါပေါင်းပါမှ ဘယ်လောက်ဖြည့်တင်းနိုင်တယ်ဆိုတာကို ပြီးခဲ့တဲ့လွှတ်တော် အစည်းအဝေးရက်များမှာ ပြည်ထောင်စုလယ်ယာဆည်မြောင်းဝန်ကြီးက ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြသွားလို့ ကျွန်တော်တို့ အင်မတန်ကျေးဇူးတင်ရှိရပါတယ်။ လိုအပ်ချက်တန်ချိန်သုံးသန်းမှာ တန်ချိန်ရှစ်သိန်းပဲဖြည့်နိုင်တယ်ဆိုမှတော့ မြင့်မားတဲ့ဒီဈေးနှုန်းကွာဟချက်က မလွဲမသွေဖြစ်နေတာအမှန်ပါပဲ။ ဒီကွာဟချက် ကျဉ်းမြောင်းသွားအောင် ကျွန်တော်တို့ဘယ်လိုကုစားနိုင်ကြမလဲလို့ ဆန်းစစ်ကြည့်တဲ့အခါမှာ ဒီနိုင်ငံထဲမှာကိုပဲ နိုင်ငံတော်ကိုစီမံခန့်ခွဲရသူတွေအနေနဲ့ ကောင်းမွန်တဲ့နမူနာကောင်းတစ်ခု ရှိပြီးသားဖြစ်ပါတယ်။ အဲဒါကတော့ ရေနံထွက်တဲ့နိုင်ငံတွေနဲ့ ကပ်လျက်တည်ရှိတဲ့ နိုင်ငံတွေမှာတောင်မှ လောင်စာဆီပြဿနာ ကြုံတွေ့နေရတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံရဲ့ လောင်စာဆီဈေးကွက်ကို ပုံမှန်ဖြစ်အောင်၊ တည်ငြိမ်အောင်ထိန်းထားနိုင်ခဲ့တာ ယနေ့လက်တွေ့ဖြစ်ပါတယ်။ မော်တော်ယာဉ်တစ်စီးကို ရန်ကုန်တိုင်းကနေပြီးတော့ ကျွန်တော်တို့မြစ်ဝကျွန်းပေါ် အနောက်ဖျားရောက်တဲ့အထိ မောင်းသွားမယ်ဆိုရင် မြစ်ဝကျွန်းပေါ်တစ်လမ်းလုံးမှာ စက်သုံးဆီနေရာမရွေး အလုံအလောက် စိတ်ကြိုက်ထည့်နိုင်ပါတယ်။ ဈေးနှုန်းကလည်း ကျပ် ၁၀၀ ကနေ ၂၀၀ ထက်မကွာတာ ဒီနေ့ လက်တွေ့ဖြစ်ပါတယ်။ ဒါဟာဘယ်လိုနည်းနဲ့ တည်ငြိမ်အောင်ထိန်းနိုင်ခဲ့တာဘာလဲဆိုတာ ကျွန်တော်တို့ ပြည်တွင်းရဲ့ အတုယူသင့်တဲ့နမူနာကောင်းဖြစ်တယ်ဆိုတာ ဖြည့်စွက်တင်ပြလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံကို သဘာဝကပေးအပ်ထားတဲ့ ဆုလာဘ်တစ်ပါးကိုလည်းမမေ့ထားသင့်ပါဘူး။ ကမ္ဘာအရပ်ရပ်က

အကောင်းဆုံးခတ်မြေသြဇာတွေကို၊ ပင်လယ်ကမ်းရိုးတန်းအရှည် ၁၃၅၀ မိုင် ပိုင်ဆိုင်ထားတဲ့နိုင်ငံအနေနဲ့ ဘယ်ဆိပ်ကမ်းကနေပဲသွင်းသွင်း၊ လယ်ယာမြေအရောက် ယနေ့ဖြည့်ဆည်းထားပေးတဲ့လမ်းမကြီးကနေသွားဖို့ လွယ်လင့်တကူဖြစ်နေပါပြီ။ ကျွန်တော်တို့ လေ့လာမိသလောက်ဆိုရင် တချို့အပင်အားဆေးတွေဟာ Chinese တိုင်ပေကနေပြီးတော့ ၂၂၀ လီတာပုံးကြီးတွေနဲ့ ထိုင်းနိုင်ငံကိုရောက် အဲ့ဒီကမှ ဂါလံပုံးတွေ ၅၀၀ စီစီပုလင်းလေးတွေ တံဆိပ်ကပ်ပြီးတော့မှ မြဝတီနယ်စပ်က တစ်ဆင့် ကျွန်တော်တို့ တိုင်းပြည်ကိုဝင်နေတာရှိပါတယ်။ ၂၂၀ လီတာပုံးကြီးတွေနဲ့ ကျွန်တော်တို့ ထရန်စစ်တိုက်ရိုက်သွင်းနိုင်မယ်ဆိုရင် ပိုကောင်းမလားဆိုတာလည်း စဉ်းစားသင့်တဲ့အချက်ဖြစ်ပါတယ်။ အခုအချိန်တုန်းမှာ မလက္ကာရေလက်ကြားကိုပတ်သွားရတဲ့အချိန်၊ လုံခြုံရေး Risk ရတာတွေကို ချုံ့ပစ်ဖို့ကျွန်တော်တို့ရဲ့ ထားဝယ်ရေနက်ဆိပ်ကမ်းကို တစ်ကမ္ဘာလုံးကစောင့်ကြည့် စိတ်ဝင်စားနေတဲ့အချိန်မှာ ကျွန်တော်တို့ကရော ဘယ်လမ်းခရီးတွေကိုချုံ့ပစ်ရင်ရမလဲဆိုတာ ဝိုင်းဝန်းစဉ်းစားသင့်တဲ့အချိန်ရောက်ပါပြီလို့ ဆွေးနွေးတင်ပြလိုပါတယ်။ အထက်ပါပထဝီဝင်အခြေအနေ အားသာချက်များအရ Transaction Cost ကဘယ်နေရာမှာတက်နေသလဲဆိုတာ တာဝန်ရှိသူများနဲ့ ပညာရှင်တွေပူးပေါင်းအဖြေထုတ်ဖို့ နီးစပ်နိုင်ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့နွေကာလတုန်းကတော့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့မီဒီယာတွေကစပါးဈေးမကောင်းတာကိုလောက်ပဲ အနည်းအကျဉ်းရေးသားကြပြီးတော့ Transaction Cost နဲ့ ပတ်သက်လာရင် မော်တော်ကားသွင်းတာတစ်ခုတည်းကိုပဲ ဖောင်းပေးရေးသားကြတာတွေ့ရှိရပါတယ်။ အခုတော့ တောင်သူလယ်သမားများအတွက် အရေးအကြီးဆုံးသွင်းအားစုကို Transaction Cost ကြီးမြင့်မှုဖြုံချရေးမှာ စတုတ္ထမဏ္ဍိုင်ထက်စောပြီးတော့ ကျွန်တော်တို့ပြည်သူ့လွှတ်တော်မဏ္ဍိုင်က တစ်ခဲနက်ထောက်ခံချက်ပေးကာ အတည်ပြုဆုံးဖြတ်ချီတက်နိုင်ပါစေလို့လည်း ကျွန်တော် ဆုတောင်းမိပါတယ်။ စတုတ္ထမဏ္ဍိုင်ဆိုလို့ ကျွန်တော်တို့ ငယ်ငယ်ကတည်းက ဘယ်သူကစလို့တီထွင်လိုက်မှန်းမသိတဲ့ ကြားနေကြ၊ ဖတ်နေကြ စကားရပ်တစ်ခုရှိပါတယ်။ အဲ့ဒါကတော့ ကျေးဇူးရှင်တောင်သူဦးကြီးများဆိုတဲ့ စကားရပ်ဖြစ်ပါတယ်။ လယ်သမားတစ်ဦး ထွန်ယက်စပါး စိုက်ပျိုးစဉ်အခိုက်အတန့်မှာ သူ့စိတ်ထဲမှာ ဒီလယ်ကထွက်တဲ့ဆန်ကို ဘယ်သူတော့စားစေ၊ ဘယ်သူတော့မစားစေနဲ့ ဆိုတဲ့စိတ်မရှိပါဘူး။ ဒီတော့ကျွန်တော်တို့က ကျေးဇူးဆပ်နိုင်တာ၊ မဆပ်နိုင်တာ အပထားပြီးတော့ ကျေးဇူးရှင်ဆိုတာနဲ့ ထိုက်တန်တဲ့နေရာကို ပို့ဆောင်ပေးနိုင်ဖို့ အချိန်လည်းတန်ပြီလို့ ယူဆပါတယ်။ နိဂုံးချုပ်တင်ပြရရင် နှစ်ပေါင်း ၅၀ အတွင်း ဒီမိုကရေစီစနစ်နဲ့ပေါ်ပေါက်လာတဲ့ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ရဲ့ ပထမသက်တမ်းစတဲ့နှစ်မှာ အခုလယ်ကွင်းတွေ ခတ်မြေသြဇာလိုအပ်ချိန်နဲ့ တိုက်ဆိုင်နေပါပြီ။ ယခုနှစ် မဖြည့်ဆည်းလိုက်ဘူး၊ မကယ်တင်လိုက်နိုင်ဘူးဆိုရင်

တစ်နည်းအားဖြင့် နောင်နှစ်မှ ကျွန်တော်တို့ ဖြည့်ဆည်းနိုင် ကယ်တင်နိုင်မယ်ဆိုရင် ဆန့်ထုတ်လို့မရတဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့သက်တမ်းငါးနှစ်ထဲက တန်ဖိုးရှိတဲ့ တစ်နှစ်ကို စွန့်ပစ်လိုက်သလို ဖြစ်သွားပါမယ်။ အဆိုရှင်ရဲ့ အဆိုအတိုင်းအောင်မြင်အောင် ကျွန်တော်တို့ လုပ်နိုင်မယ်ဆိုရင်တောင်မှ ရှေ့လာမယ့်စပါးပေါ်ရာသီမှာ စပါးဈေးကောင်းမယ်၊ မကောင်းဘူးဆိုတာ ဘယ်သူမှတထစ်ချ မပြော နိုင်ကြသေးပါဘူး။ ဒါပေမဲ့စကားပုံရှိတဲ့အတိုင်း နှုတ်ခမ်းအနာ ဘယ်သို့ပင်ရှိစေကာမူ ကျွန်တော်တို့က မုန့်ဆီကြော်ကိုတော့ ကြော်ဖြစ်အောင်ကြော်ရတော့မယ့်အနေအထားပါလို့ တင်ပြချင်ပါတယ်။ ဒါကြောင့်မို့လို့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုတင်သွင်းခဲ့တဲ့ ဓာတ်မြေဩဇာကိုတောင်သူလယ်သမားများ လက်လှမ်းမီသည့် သင့်တော်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးရေးအဆိုကို လှိုက်လှဲစွာထောက်ခံပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အစည်းအဝေးကို ၂း၃၀ နာရီမှာ ရပ်နားမှာဖြစ်ပါတယ်။ ဆက်လက်ဆွေးနွေးမယ့်အစီအစဉ်တွေရှိတဲ့အနက် အခုအစီအစဉ်မှာ ထောက်ခံ ဆွေးနွေးဖို့ ကျန်ရှိ သုံး ယောက်ဖြစ်ပါတယ်။ အစီအစဉ်များကို ဒီနေ့အကုန်ဆောင်ရွက်မှနောက်ရက် တွေအဆင်ပြေမှာဖြစ်တဲ့အတွက် ထောက်ခံဆွေးနွေးမှုကိုလည်း သင့်တော်တဲ့အချိန်လောက်ကိုသာ အသုံးပြုပြီးတော့ ဆောင်ရွက်စေချင်ပါတယ်။ ဆက်လက်ပြီးလှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောသိန်းအောင် (လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ပြည့်ဝ၍ နိုင်ငံတော်နဲ့ ပြည်သူတို့၏အကျိုးကိုဆထက်ထမ်းပိုး သယ်ပိုးနိုင်ပါစေ ကြောင်းစေနာလောင်း၍ဆုတောင်းပတ္တာနာပြုလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင် ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ကန်ပက်လက်မဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သူရဦးအောင်ကို ရဲ့စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ဓာတ်မြေဩဇာကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူး ရောင်းချပေးရေးအဆိုပြုချက်ကို ဆွေးနွေးလိုပါတယ်။ စာဖြင့်ဖတ်ကြားဆွေးနွေးခွင့်ပြုပါရန် ဥက္ကဋ္ဌကြီး အား ခွင့်ပန်အပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးပဝေသဏီမှစ၍ တောင်သူလယ်လုပ်ဓားမခုတ်ဘဝနဲ့ စတင်တည်ထောင်လာကြတဲ့ တောင်သူ လယ်သမားတို့၏ လယ်ယာမြေများဟာ မိဘဘိုးဘွားမှစ၍ အဆင့်ဆင့်စိုက်ပျိုးလာမှုကြောင့် လယ်ယာ

မြေတွင်ပါဝင်လာသော မြေသြဇာဓာတ်များသည် တဖြည်းဖြည်းလျော့ပါးလာရာမှ အထွက်နှုန်းကျဆင်းလာကြသည်မှာ လက်ရှိလုပ်ကိုင်နေကြသော တောင်သူလယ်သမားတို့၏ လက်တွေ့အခြေ အနေဖြစ်ပါသည်။ သို့ပါ၍ မြေမှလျော့ပါးသွားသော မြေသြဇာဓာတ်ကို ဓာတ်မြေသြဇာ ဖြင့်အစားထိုးအသုံးပြုလာခဲ့ကြသည်မှာ နှစ်ရှည်လများ ကြာခဲ့ပြီဖြစ်ပါသည်။ လက်ရှိအနေအထားတွင် ဓာတ်မြေသြဇာရရှိရေးသည် တောင်သူလယ်သမားများအတွက် သေရေးရှင်ရေးတမျှအရေးကြီးလှသော ကိစ္စဖြစ်ပါသည်။ ဤသို့ တောင်သူလယ်သမားတို့၏ အရေးတကြီးလိုအပ်သော ဓာတ်မြေသြဇာများကို နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလာခဲ့သည်မှာလည်း နှစ်များစွာပင်ရှိခဲ့ပါသည်။ ရောင်းချဖြန့်ဖြူးရာတွင် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်နယ်၊ တိုင်းဒေသ အစိုးရအဖွဲ့ သို့တစ်ဆင့်မြို့နယ်၊ ကျေးရွာအရောက် အကြွေးစနစ်ဖြင့်ရောင်းချခဲ့သည့် အစဉ်အလာဖြစ်ပါတယ်။ နိုင်ငံတော်မှ တောင်သူလယ်သမားများ၏ အကျိုးကိုရှေ့ရှုလျက် စေတနာထားလုပ်ဆောင်ပါသော်လည်း လက်တွေ့အကျိုးခံစားသင့်သည့် တောင်သူလယ်သမားတို့၏ အခြေအနေမှာ ဖွတ်မရ၊ ဓားမဆုံးသည်နှင့်ကြုံတွေ့နေကြရသည်လည်းရှိပါသည်။ သာဓကပြဆွေးနွေးဖော်ဆောင်ရပါလျှင် ထွန်ယက်စိုက်ပျိုးရမည့်အချိန်တွင် အချိန်မီမရသဖြင့် ပြင်ပဈေးကြီးပေး၍ ဝယ်ယူရခြင်း တစ်ခါတစ်ရံ၊ နိုင်ငံတော်မှရောင်းချပေးသော ဓာတ်မြေသြဇာကိုတစ်အိတ်လျှင် ပြင်ပဈေးထက် ၅၀၀ ကျပ်၊ ၁၀၀၀ ကျပ် ဈေးပိုပေး၍ မဖြစ်မနေဝယ်ရခြင်း၊ အချိန်မီမရရှိသဖြင့် ပြင်ပဈေးတွင်ဈေးကြီးပေးဝယ်လိုက်ရသည့်အချိန်တွင် အသုံးပြုရန်မလိုအပ်တော့သည့် အချိန်မှရောက်လာသော အစိုးရဓာတ်မြေသြဇာကို မဝယ်မနေအကြွေးစနစ်ဖြင့် ထပ်ဝယ်လိုက်ရခြင်းစသည့် အခက်အခဲများစွာတို့မှာ တောင်သူလယ်သမားတို့ကို များစွာစိတ်ဒုက္ခရောက်စေပါသည်။ ဤသို့သော အခြေအနေတို့သည် တောင်သူလယ်သမားတို့ကို နိုင်ငံတော်တွင် ဓာတ်မြေသြဇာကြွေးတင်စေသည့် အကြောင်းရင်းမှန်ပင်ဖြစ်ပါသည်။ ဤသို့သော အခြေအနေမျိုးသည် တစ်နိုင်ငံလုံးတွင်ဖြစ်ပေါ်နေသည်ဟု ဆိုလိုခြင်းမဟုတ်ဘဲကျွန်တော့်အနေဖြင့် ပြည်သူတို့ထံသို့သွားရောက်ပြီး ပြည်သူ့အသံကို လေ့လာခဲ့စဉ်ကကြားသိခဲ့ရသောပြည်သူတို့၏ တင်ပြချက်အမှန်ပင်ဖြစ်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အထက်ကတာဝန်ပေးလိုက်သည့် အဆင့်ဆင့်တာဝန်ယူ ဆောင်ရွက်လျက်ရှိနေကြသည့် ပြည်နယ်၊ တိုင်းဒေသ၊ ခရိုင်၊ မြို့နယ် အသီးသီးမှ ဆောင်ရွက်သည့် ပုဂ္ဂိုလ်တို့၏ အားနည်းချက်များဖြစ်ပေရာ နောင်တွင်ဤသို့ မဖြစ်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးသင့်ပါကြောင်း တောင်သူလယ်သမားတို့၏ အကျိုးကိုရှေ့ရှုလျက် ဆွေးနွေးလိုက်ရပါတယ်။ နောင်ဤသို့သော အခြေအနေနှင့် အလားတူအဖြစ်မျိုး မဖြစ်နိုင်အောင်ကြိုတင်ဆောင်ရွက်စီမံပေးရန် အထူးလိုအပ်ပါကြောင်းနှင့် ဤသို့ဆောင်ရွက်ပေးနိုင်ပါလျှင် စိုက်ပျိုးထုတ်

လုပ်မှုတိုးတက်ရေးအတွက် ဓာတ်မြေသြဇာကို သက်သာသောဈေးနှုန်းဖြင့် တောင်သူလယ်သမားများ ထံအရောက် အချိန်မီဖြန့်ဖြူးရောင်းချပေးသင့်ပါကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံပါရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသာစိန် (ကျောက်တော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များကို လေးစားဂါရဝပြုပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကပ္ပတိန်သာစိန် (ခ) ဦးသာစိန် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲတုန်းက လယ်သမားတွေနဲ့ တွေ့ဆုံတဲ့အခါမှာ သူတို့ဓာတ်မြေသြဇာလိုအပ်ကြောင်း တင်ပြခဲ့ကြပါတယ်။ အခုလယ်သမားတွေ လိုအပ်တာနဲ့ ကိုက်ညီတဲ့အတွက် သူရဦးအောင်ကို၏ အဆိုကိုထောက်ခံရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ လယ်သမားတွေဟာ ဓာတ်မြေသြဇာကို သူတို့လိုအပ်သလိုမရရှိကြပါဘူး။ အကြောင်းအရင်းတစ်ရပ်ကတော့ ဈေးကြီးပေးဝယ်ရလို့ဖြစ်ပါတယ်။ ဈေးသက်သက်သာသာရမယ်ဆိုရင် ပိုပြီးတော့ဝယ်ယူသုံးစွဲကြပါလိမ့်မယ်။ ဈေးကြီးရတဲ့ အကြောင်းအရင်းကို လေ့လာကြည့်တော့ ထုတ်လုပ်မှုမှနေလယ်သမားလက်အရောက် အဆင့်ဆင့်လက်လွှဲ၊ လက်ပြောင်းတွေများပြီးတော့ လက်ဝါးကြီးအုပ်ပြီး အမြတ်တင်ရောင်းချတာတွေကြောင့် ဖြစ်ပါတယ်။ အဲဒီလို အဆင့်ဆင့်ရောင်းချတဲ့အခါမှာ အချို့မသမာသူတွေက ဓာတ်မြေသြဇာအတုတွေထည့်ပြီးတော့ ရောင်းချကြတဲ့အတွက် လယ်သမားတွေမှာနှစ်ခါနာပါတယ်။ အာနိသင်ရရှိရေးအတွက် တစ်အိတ်ဝယ်ရမယ့်နေရာမှာ နှစ်အိတ်ဝယ်ကြရပါတယ်။ အဲဒီလိုမသမာမှုတွေကို ပပျောက်အောင်လည်းလုပ်ဖို့ လိုအပ်တယ်လို့ တင်ပြချင်ပါတယ်။ ဆိုလိုတာက ဓာတ်မြေသြဇာစစ်စစ် အာမခံချက်အနေနဲ့ထုတ်ပေးဖို့ ဖြစ်ပါတယ်။ နောက်တစ်ချက်က ပြည်တွင်းထုတ်လုပ်မှုဟာလည်း လယ်သမားတွေ လိုအပ်တဲ့အတိုင်းအတာနဲ့ ထုတ်လုပ်ပေးတဲ့ အတိုင်းအတာဟာကွာခြားနေလို့ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်အတွက် လိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်နိုင်တဲ့ ဓာတ်မြေသြဇာစက်ရုံတွေ ပိုမိုတည်ဆောက်ပေးဖို့လည်း လိုအပ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ နိုင်ငံခြားသင်္ဘောများမှာ တာဝန်ထမ်းဆောင်ခဲ့တုန်းက အိန္ဒိယပြည်မှ ဓာတ်မြေသြဇာတန်ချိန် ၂၀၀၀၀ ကိုထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့သယ်ယူဘူးပါတယ်။ တင်လာခဲ့တုန်းကတော့ မြေပုံကြီးပမာကုန်ခန်းထဲမှာ ထည့်လာပါတယ်။ ဘန်ကောက်ဆိပ်ကမ်းရောက်တဲ့အခါမှာ ဓာတ်မြေသြဇာကို ကုန်ချကိရိယာတွေနဲ့ သယ်ချသူကသယ်ချ၊ အိတ်ထဲမှာ

ထည့်သူကထည့်၊ တံဆိပ်ပါတဲ့အိတ်ကို ချိန်သူကချိန်၊ ချုပ်သူကချုပ်၊ တက်ညီလက်ညီနဲ့ ပြည်တွင်းနိုင်ငံအနှံ့ကို တစ်ခါတည်းဖြန့်ဝေဖို့ အဆင်သင့်ကားပေါ်ကိုရောက်သွားကြတာကို အချိန်နည်းနည်းလေးအတွင်းမှာ အံ့သြဖွယ်ရာတွေ့မြင်ခဲ့ရပါတယ်။ ကျွန်တော်တို့ လယ်သမားများအတွက် နိုင်ငံခြားကမှာရင်လည်း ထိုင်းနိုင်ငံနည်းအတိုင်း ပြည်တွင်းမှာဖြန့်ချိမယ်ဆိုရင် စရိတ်သက်သာမယ်လို့ ကိုယ်တွေ့အတွေ့အကြုံတစ်ခုကို တင်ပြခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကိုလေးစားသောအားဖြင့် အကျယ်မပြောလိုတော့ပါ။ ဓာတ်မြေသြဇာဈေးကြီးပြီး ရှားပါးမှုအကြောင်းတရားမှာ လိုအပ်ချက်ကိုပြည့်မီအောင် ထုတ်လုပ်ပေးနိုင်တဲ့ စက်ရုံတွေမရှိလို့ဖြစ်ပါတယ်လို့ စောစောကတင်ပြခဲ့ပါတယ်။ အဲဒါနဲ့ဆက်ပြီးတော့ အကြံဉာဏ်ပေးချင်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ဓာတ်ငွေ့တွင်းကဓာတ်ငွေ့တွေများများ ထွက်နေပါပြီ။ အဲဒီအချက်၊ အဲဒီအားကို အသုံးပြုပြီးတော့ ဓာတ်ငွေ့နဲ့နီးတဲ့နေရာ သယ်ယူပို့ဆောင်ရေးဆိပ်ကမ်းကောင်းတဲ့နေရာတွေမှာ ဓာတ်မြေသြဇာစက်ရုံတွေကို တည်ဆောက်ပေးမယ်ဆိုရင် စရိတ်သက်သာတဲ့ဓာတ်မြေသြဇာ၊ ဈေးပေါတဲ့ဓာတ်မြေသြဇာများများထုတ်နိုင်မယ်လို့ထင်ပါတယ်။ ရခိုင်တောင်သူလယ်သမားများသာမက ပြည်မလယ်သမားတွေပါ ဓာတ်မြေသြဇာပြည့်ဝစွာရရှိဖို့အတွက် ရခိုင်ပြည်နယ် ဓာတ်မြေသြဇာစက်ရုံများတည်ဆောက်ပေးသင့်ပါ ကြောင်းတင်ပြရင်း သူရဦးအောင်ကို ၏အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကပ္ပတိန် သာစိန်(ခ)ဦးသာစိန်က ဓာတ်မြေသြဇာစက်ရုံ ရခိုင်ပြည်မှာ ဆောက်ဖို့ပါ တစ်ခါတည်းတင်ပြတဲ့အတွက် သက်ဆိုင်သူတွေ မှတ်သားထားဖို့ ဖြစ်ပါတယ်။ နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြင့်(နောင်ချိုမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြရရင်တော့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးရေးကိုအခြေခံထားတဲ့အတွက် ဒီဓာတ်မြေသြဇာဟာ မဖြစ်မနေလိုအပ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ တောင်သူတွေအနေနဲ့ တိုတိုနဲ့လိုရင်းပြောမယ်ဆိုရင် မြေတစ်ဧကကို စိုက်ပျိုးရေးစရိတ်က မျိုးကောင်းမျိုးသန့်အတွက် ၂၅ ရာခိုင်နှုန်း၊ မြေသြဇာအတွက် ၂၅ ရာခိုင်နှုန်း၊ စက်မှုထယ်ရေးအတွက် ၂၅ ရာခိုင်နှုန်း၊ ပေါင်းတင်စရိတ် ၂၅ ရာခိုင်နှုန်းအဖြစ် ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ ကျွန်တော်ဟာ ကြံတောင်သူဖြစ်တဲ့အတွက် အခုလောလောဆယ်အထိ ကြံကို နှစ်ပေါင်း ၃၀ နီးပါးအထိ

စိုက်ပျိုးနေပါတယ်။ အဲတော့ ကျွန်တော် တိုတိုနဲ့လိုရင်းပြောရင် အခု ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး သူရဦးအောင်ကို ပြောကြားသွားတဲ့ မြေသြဇာများကို တောင်သူလယ်သမားများအား လက်လှမ်းမီသင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချရန်အဆိုနဲ့ ပတ်သက်ပြီးဆွေးနွေးချက်များကို ရာနှုန်းပြည့် ထောက်ခံပါတယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက အနှစ်ချုပ်သာ တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းအပေါင်းနှင့်ပြည့်စုံကြပါစေရန် ပထမဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ သူရဦးအောင်ကို၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဓာတ်မြေသြဇာကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးမည့်အဆိုနှင့်ပတ်သက်ပြီး ကျွန်တော်မှ ထောက်ခံရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုပြုချက်ဟာ နိုင်ငံတော်အစိုးရမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား တာဝန်ပေးအပ်ထားရှိသည့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ရာမှာ လက်ငင်းအရေးကြီးဆုံး ကွက်လပ်ဖြည့်ရန် အမှန်လိုအပ်ချက် ဖြစ်နေသည့်အတွက် အဆိုပြုသည့် အဆိုပါသတင်းကို ကြားသိရစဉ်ကပင် ဝမ်းမြောက်ဝမ်းသာခံစားကြည်နူးနေခဲ့မိခြင်းအမှန်ဖြစ်ကြောင်း ကြိုဆိုတင်ပြအပ်ပါတယ်။ သူရဦးအောင်ကို၏ အဆိုအပေါ် နိုင်ငံတော်၏အကျိုး၊ တောင်သူလယ်သမားများ၏အကျိုးအတွက် စိတ်ဆန္ဒပြင်းပြစွာဖြင့် ကဏ္ဍစုံမှ ပါဝင်ထောက်ခံဆွေးနွေးခဲ့ကြသည့် ကိုယ်စားလှယ်တော်ကြီးရှစ်ဦးအားလည်းပဲ အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားအပ်ပါတယ်။ မိမိတို့နိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးနိုင်ငံအဆင့်မှ စက်မှုနိုင်ငံအဆင့်သို့ အဆင့်ဆင့်တိုးတက်ကူးပြောင်းနိုင်ရေး ကြိုးပမ်းနေဆဲကာလဖြစ်သည့်အားလျော်စွာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ခြင်းဟာ နိုင်ငံတော်၏ကိုယ်ခံအား တောင့်တင်းခိုင်မာအောင် တည်ဆောက်နေခြင်းပင်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတာဝန်ကို နိုင်ငံနဲ့အဝန်း ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာမှာကျေးလက်ဒေသမှာ လယ်ယာလုပ်ငန်းပေါ် တည်မှီပြီးနေထိုင်ကြလျက်ရှိတဲ့ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်း

အားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုကို လက်တွေ့အကောင်အထည်ဖော်နိုင်မည် မလွဲဖြစ်ပါတယ်။ နိုင်ငံတော်၏ လက်ရှိဆန်စပါးသီးနှံအပါအဝင် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအတွက် အသုံးပြုနေတဲ့ သွင်းအားစု ဓါတ်မြေသြဇာပမာဏမှာ စိုက်ဧကစုစုပေါင်းနှင့်နှိုင်းယှဉ်ပါက အချိုးအစားအလွန်ပင် နည်းပါးလျက်ရှိကြောင်းတွေ့ရှိရပါတယ်။ စိုက်ပျိုးထုတ်လုပ်မှု ၂၀၁၀-၂၀၁၁ ခုနှစ်၊ စိုက်ပျိုးရေးနှစ် အတွင်းမှာ ဓါတ်မြေသြဇာကို နိုင်ငံခြားမှ ၈၀၀ ၆၈၄.၈၉ မက်ထရစ်တန် တင်သွင်းခဲ့ပြီးတော့မှ ပြည်တွင်းထုတ်လုပ် သုံးစွဲနိုင်မှုဟာ ၃၅၂၉၃.၅၀ မက်ထရစ်တန် ဖြစ်တဲ့အတွက်ကြောင့်စုစုပေါင်း ၈၃၅၉၇၈.၃၉ မက်ထရစ် တန်စုစုပေါင်းအိတ်အားဖြင့် ၁၆၇၁၉၅၆ အိတ်သာအသုံးပြုနိုင်မှုရှိပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ စုစုပေါင်းသီးနှံစိုက်ဧက ၅၈.၃၆ သန်းရှိတဲ့အတွက်ကြောင့် ဓါတ်မြေသြဇာ သုံးစွဲမှုကို အချိုးအစားနှိုင်းယှဉ် ကြည့်မယ်ဆိုရင် စိုက်ဧက တစ်ဧကလျှင် ၀.၂၈ အိတ်နှုန်း၊ တစ်နည်း အားဖြင့် သီးနှံစိုက်ဧကလေးဧကမှာ တစ်အိတ်နှုန်း ပျမ်းမျှသာသုံးစွဲနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ သွင်းအားစုသုံးစွဲနိုင်မှုမှာ အလွန်ပင်အချိုးအစားနည်းပါးတဲ့အတွက် သီးနှံအထွက်တိုးနှုန်းများလည်း နိမ့်ကျနေခဲ့ခြင်းဖြစ်ပါသည်။ စပါးသီးနှံ တစ်မယ်အတွက် စိုက်ဧကသန်း ၂၀ အတွက် အမှန်တကယ် သွင်းအားစုဓါတ်မြေသြဇာ သုံးစွဲမှုအလွန်ပင်နည်းပါးနေသည့်အတွက်ကြောင့်လည်း စပါးအထွက် နှုန်းနည်းပါးရခြင်းရဲ့ အခြေခံအကြောင်းရင်းဖြစ်ပါတယ်။ inport သွင်းအားစု အလုံအလောက် မသုံးနိုင်သည့်အတွက်ကြောင့် outport ထုတ်လုပ်နိုင်မှု ကျဆင်းနေရခြင်းဖြစ်ပါတယ်။ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆန်စပါးသီးနှံအပါအဝင် မျိုးကောင်းမျိုးသန့် မျိုးစေ့များ၊ တောင်သူလယ်သမားများ အသုံးပြုနိုင်ရေးအတွက်လည်းကောင်း၊ သိပ္ပံနည်းကျစိုက်နည်း စနစ်များ အသုံးပြုနိုင်ရေးအတွက်လည်းကောင်း ကြိုးစားဆောင်ရွက်ပေးလျက်ရှိနေသည့်နည်းတူ သီးနှံထုတ်လုပ်မှုတိုးတက် စေရန်အတွက် လယ်သမားများရဲ့သွင်းအားစု ဓါတ်မြေသြဇာကို ထိထိ ရောက်ရောက် အသုံးချနိုင်ရေးကိုလည်း ဖြည့်ဆည်းပေးရန် လိုအပ်မှုရှိနေခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အာဆီယံနိုင်ငံများအတွင်းမှာ ထိုင်းနိုင်ငံပြီးလျှင် ဒုတိယနေရာမှနှစ်စဉ် ဆန်တန်ချိန်ခုနှစ်သန်းခန့် အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေသည့် ဗီယက်နမ်နိုင်ငံမှာ စပါးစိုက်ဧက စုစုပေါင်း ဟက်တာလေးသန်း ဧကအားဖြင့် ကိုးသန်းခန့်မျှသာရှိသော်လည်းပဲ တစ်နှစ်လျှင်တန်ချိန်ရှစ်သိန်းစီ ထုတ်လုပ်နိုင်သည့် ယူရီးယားဓါတ်မြေသြဇာစက်ရုံကြီးနှစ်ရုံကို တည်ဆောက်အကောင်အထည်ဖော်ပြီး လယ်သမားများ၏ လိုအပ်ချက်ကို အပြည့်အဝထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနိုင်ခြင်းအားဖြင့် ဆန်စပါးတင်ပို့မှုထိပ်တန်း နိုင်ငံနေရာတွင် ရောက်ရှိနေခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ မျိုးကောင်းမျိုးသန့်များကို

ပြောင်းလဲသုံးစွဲစေကာမူ မြေဆီမြေဩဇာ အလုံအလောက်မပေးနိုင်ပါက စိုက်ပျိုးထားသောသီးနှံ၏ အရေအတွက် တိုးတက်ထုတ်လုပ်နိုင်မှုအခွင့်အလမ်းဟာလည်း နိမ့်ကျနေမှာပဲ ဖြစ်ပါတယ်။ ပြည်ပနိုင်ငံများမှ လမ်းကြောင်းအမျိုးမျိုးဖြင့်ဝင်ရောက်လာနေတဲ့ ဓါတ်မြေဩဇာများမှာလည်းပဲ ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်တဲ့ဓါတ်မြေဩဇာများနှင့်နှိုင်းယှဥ်ပါက အရည်အသွေးအဆင့်အလွန်ကွာခြားနေသော်လည်းပဲ လယ်သမားများမှာ ဈေးကြီးကြီးပေးဝယ်သုံးနေကြရတဲ့ နစ်နာမှုအားလည်းပဲ ခံစားနေကြရတာအမှန်တွေ့ရှိရပါတယ်။ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းအားစုဓါတ်မြေဩဇာ လက်ငင်းလိုအပ်ချက်အပေါ်မှာ လက်ငင်းပြည်ပမှ ဝယ်ယူတင်သွင်းဖြန့်ဖြူးပေးခြင်းအပါအဝင်နိုင်ငံတော်၏ အရင်းအမြစ်သဘာဝသယံဇာတဖြစ်တဲ့ သဘာဝဓါတ်ငွေ့ထုတ်လုပ်မှုကို စိုက်ပျိုးရေးကဏ္ဍအတွက် အခြေခံလိုအပ်ချက်ဖြစ်နေတဲ့ ယူရီးယားဓါတ်မြေဩဇာစက်ရုံ တည်ဆောက်ထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်ခြင်းအားဖြင့် စိုက်ပျိုးရေးကဏ္ဍအား အရှိန်အဟုန်မြှင့်တင်တိုးတက်စေနိုင်မှာ ဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်နိုင်ခြင်းအားဖြင့်လည်းပဲ သီးနှံများအမှန်အကန်ထုတ်လုပ်မှု တိုးတက်လာစေမှာ ဖြစ်ပြီးတော့မှ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်မှုကိုလည်းပဲ တဟုန်ထိုးရရှိနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှ ချမှတ်ပေးထားတဲ့ သီးနှံအမယ်လိုက် ပန်းတိုင်အထွက်နှုန်းများကိုလည်းပဲ အလွယ်တကူတိုးတက် ထုတ်လုပ်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် ပိုလျှံတဲ့သီးနှံတွေကို ပြည်ပဈေးကွက်ကို ခိုင်ခိုင်မာမာတင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့လိုအပ်နေတဲ့ နိုင်ငံခြားဝင်ငွေများကိုလည်းပဲ တိုးတက်ရှာဖွေရရှိနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေတောင်သူလယ်သမားများလူနေမှုဘဝနဲ့ ဝင်ငွေတိုးတက်မှာဖြစ်ပြီးတော့မှ သားရွှေအိုးထမ်းလာတဲ့ ကိန်းကဲ့သို့ နိုင်ငံတော်၏စီးပွားရေးကို လယ်ယာကဏ္ဍမှ တိုးတက်ဖော်ဆောင်ပေးနိုင်မှာလည်းပဲဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် လက်ငင်းလိုအပ်လျက်ရှိနေတဲ့ တောင်သူလယ်သမားများအတွက် အရည်အသွေးနှင့် ဈေးနှုန်းပါစိတ်ချရမည့်ဓါတ်မြေဩဇာများကို နိုင်ငံတော်အစီအမံအားဖြင့်လည်းကောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံခြင်းအားဖြင့်လည်းကောင်း၊ အဆင့်မီစက်ရုံများ တိုးတက်တည်ဆောက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း နည်းလမ်းအားဖြင့်လည်းကောင်း တောင်သူလယ်သမားများ၏လိုအပ်ချက်ကို ဦးစားပေးအကောင်အထည်ဖော်ပေးနိုင်ပါရန် ကိုယ်စားလှယ်တော်သူရဦးအောင်ကို၏ အဆိုအားဖြည့်စွက်ပြီးလေးလေးနက်နက် ထောက်ခံအပ်ပါကြောင်းဖြေကြားအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ ခါတ်မြေသြဇာများကို တောင်သူလယ်သမားလက်လှမ်းမီသည့် သင့်တော်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးပါရန်အဆို နှင့် ပတ်သက်ပြီးတော့ လွှတ်တော်က ထောက်ခံပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကထောက်ခံပါသည်။ **]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကထောက်ခံသည့်အတွက် ဤအဆိုကို လွှတ်တော်ကအတည်ပြု ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၂း၃၀ နာရီမှာ အချိန်ကိုက်ဆောင်ရွက်နိုင်အောင် အစီအစဉ်ကျော်ပြီးတော့ နောက်ကြောင်းပြန်ဆောင်ရွက်ပါ့မယ်။ အခုအစီအစဉ် ၁၂ ဖြစ်တဲ့ သူရဦးအောင်ကိုက ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အစည်းအဝေးသို့တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်းဆုမွန်ပြု နှုတ်ခွန်းဆက်သအပ်ပါသည်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သူရဦးအောင်ကိုဖြစ်ပါတယ်။ ကျွန်တော်အဆိုပြုတင်ပြသွားမှာကတော့ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှု လျှော့ပါးရေးအဆိုဖြစ်ပါတယ်။ ကျွန်တော်၏အဆိုကို စာဖြင့်ဖတ်ကြားတင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံ အပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အနောက် မြောက်ဘက် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိသော တောင်တန်းဒေသများပေါ်မှာ တည်ရှိ ပါတယ်။ ချင်းပြည်နယ်၏ အကျယ်အဝန်းသည် စတုရန်းမိုင် ၁၃၉၀၀ ကျော်ရှိပြီးတော့မှ လူဦးရေ အားဖြင့် ၅သိန်းကျော်နေထိုင်လျက်ရှိပါတယ်။ ပြည်ထောင်စုကြီးတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ ကျော်ပါဝင်နေထိုင်ကြသည့် အနက်ချင်းတိုင်းရင်း သားမျိုးနွယ်စု တစ်ခုထဲက မျိုးနွယ်စု ၅၀ ကျော်ပါဝင်နေပါတယ်။ မြင့်မားမတ်စောက်တဲ့ တောင်တန်း၊ တောင်ကြောကြီးများပေါ်မှာ မြို့ရွာများ တည်ဆောက်နေထိုင်ကြသဖြင့် ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာရေး လွန်စွာခက်ခဲတာကို လည်းပဲတွေ့မြင်ရပါတယ်။ အဲဒီလို ဝိသေသထူးခြားတဲ့ သဘာဝပထဝီ အခြေခံများကြောင့် မျိုးနွယ်စု ကွဲပြားမှုများပြားပြီးတော့မှ ပြောဆိုတဲ့ဘာသာစကား Language ၄၀ ကျော်ရှိကြောင်းလည်းပဲ သိရှိရ ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ဒီနေ့ကမ္ဘာမှာဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများနှင့်ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးလိုလိုမှာ သူ့အတိုင်းအတာနဲ့သူ ဆင်းရဲနွမ်းပါးမှုပြဿနာများကြုံတွေ့နေရတာကိုလည်းပဲ နေ့စဉ် သတင်းတွေမှာ

တွေ့မြင်ဖတ်ရှုကြရပါတယ်။ ကမ္ဘာ့စီးပွားရေးထိပ်တန်းနိုင်ငံကြီးများတောင်မှ အိုးမဲ့အိမ်မဲ့၊ မြေမဲ့ယာမဲ့ ဆင်းရဲသားပြည်သူလူထုသန်းပေါင်းများစွာ ရှိနေကြတာကိုလည်းပဲကြားသိနေရပါတယ်။ ဆင်းရဲနွမ်းပါး မှုကိုဖြစ်ပေါ်စေတဲ့အကြောင်းတရားများစွာရှိသည့်အနက် အဓိကအကြောင်းတရားတချို့မှာ

၁။ ဝေးလံခေါင်းပါးသောဒေသ သို့မဟုတ် ပဋိပက္ခဖြစ်ပွားနေသောဒေသများ

၂။ သယံဇာတ အရင်းအမြစ်ချို့တဲ့ရှားပါးသောဒေသ

၃။ စီးပွားရေးလုပ်ငန်းများ မရှိသော ဒေသတို့ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံအနေဖြင့် ဆင်းရဲနွမ်းပါးမှုကို စားရေး၊ ဝတ်ရေး၊ နေရေး အဲဒီအခြေခံသုံးရပ် ပြည့်စုံမှု ရှိ၊ မရှိ ပေါ်မှာမူတည်ပြီးတော့မှ ကျွန်တော်တို့ ထပ်ဆင့်ပြီးတော့မှသန့်ရှင်းသော သောက်သုံး ရေရ၊ မရ အခြေခံကျန်းမာရေးစောင့်ရှောက်မှု ရှိ၊  မရှိ အခြေခံပညာရေးဝန်ဆောင်မှု ရ၊ မရ ဆိုတဲ့ အချက် များနဲ့ဖြည့်စွက်တိုင်းတာရမှာဖြစ်ပါတယ်။ အဲဒီသတ်မှတ်တိုင်းတာချက်များအရ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များအားလုံးမှာ ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ်ဖြစ် ပါတယ်။ ချင်းတိုင်းရင်းသားအများစုဟာ စားနပ်ရိက္ခာဖူလုံမှုရရှိဖို့အတွက် ရုန်းကန်လှုပ်ရှားနေကြခြင်း အားဖြင့် လတွေ၊ နှစ်တွေ အချိန်တွေများစွာ ကုန်လွန်နေကြရပါတယ်။ တဖက်ကလည်း ရိက္ခာအတွက် ရွှေ့ပြောင်းတောင်ယာ စနစ်ကိုကျင့်သုံးပြီးတော့မှစပါး၊ ပြောင်းသီးနှံများကို အဓိကစိုက်ပျိုးစားသုံးနေ ကြရပါတယ်။ ရွှေ့ပြောင်းတောင်ယာစနစ် ခုတ်ထွင်စိုက်ပျိုးခြင်းကြောင့် ချင်းပြည်နယ်မြောက်ပိုင်း ဟားခါး၊ တီးတိန်ဒေသမှာ သဘာဝသစ်တော ၆၀ ရာခိုင်နှုန်းခန့်၊ တောင်ပိုင်းမင်းတပ်ဒေသမှာ ၄၀ ရာခိုင်နှုန်းခန့် တောပြုန်း နေပြီ ဖြစ်ပါတယ်။ သစ်တောပြုန်းတီးမှုနှင့်အတူ သဘာဝစိမ့်စမ်းရေများ လည်း ခန်းခြောက်လာတာကို တွေ့ရှိနေရပါတယ်။ ယခုကဲ့သို့ ရွှေ့ပြောင်းတောင်ယာစနစ်ကို ဆက်လက်လုပ်ကိုင်နေမယ်ဆိုလျှင် မကြာမီကာလအတွင်း ရေမြေသဘာဝသာယာလှပတဲ့ ချင်းပြည် နယ်ဟာ တောင်ပေါ်ကန္တာရကြီး ဖြစ်သွားနိုင်ပါတယ်။ အကျိုးဆက်အနေဖြင့် ချင်းတွင်းမြစ်ကြီးကော သွားပြီးတော့မှ ဧရာဝတီမြစ်ပါထိခိုက်သွားနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ဆက်စပ်တင်ပြလိုပါတယ်။ ရွှေ့ပြောင်းတောင်ယာခုတ်ထွင်မှု ကြောင့်မို့လို့ မိုးရာသီမှာ မြေဆီလွှာတိုက်စားမှုတွေ ဖြစ်ပေါ်ပါတယ်။ အဲဒီမှာ အပေါ်ယံနုန်း၊ သဲမြေတွေ အားလုံးက ချောင်း၊ မြောင်းကတဆင့် ပါသွားပြီးတော့မှ ချင်းတွင်းမြစ်ထဲကို ရောက်ရှိသွားပါတယ်။ ဒါ့ကြောင့်မို့လို့ ချင်းတွင်းမြစ်ကြီးဟာဆိုလို့ရှိရင် အထူးသဖြင့် ကလေးဝနဲ့ ခန္တီးကြားမှာ မိုင် ၃၀၀ ခန့် လောက် ကွာတဲ့နေရာမှာ ဒီဇင်ဘာလောက်ကစပြီးတစ်နွေလုံး၊ တစ်ဆောင်းလုံး ခြေလျင်ဖြတ်ကူးလို့ ရတဲ့နေရာတွေအများကြီးရှိပါတယ်။ ကျွန်တော့်အနေနဲ့လည်းပဲ ချင်းတောင်ဒေသနဲ့ဆက်စပ်နေတဲ့

နာဂတောင်တန်းဒေသတွေကို ၁၅ နှစ်လောက်စည်းရုံးရေးတာဝန်ထမ်းဆောင်ဖူးလို့ နှစ်တိုင်းရောက်ရှိတဲ့အခါမှာ နာဂတောင်တန်းဒေသမှာလည်းပဲ ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် မို့လို့ နုန်း၊ သဲတွေစီးပြီးတော့မှ ချင်းတွင်းမြစ်က တိမ်ကောနေပါပြီ။ ချင်းတွင်းမြစ်ကြီးက ဧရာဝတီမြစ်ထဲစီးဝင်တာ ဖြစ်လို့မို့လို့ ဧရာဝတီမြစ်ရဲ့ အချို့အစိတ်အပိုင်းများလည်းပဲ အခုဆိုရင်တိမ်ကောပြီးတော့မှ မြစ်ရေလျှံမှုများကြုံတွေ့နေရပါတယ်။ တကယ်တော့ မြစ်ကြီးတွေ တိမ်ကောတယ်ဆိုတဲ့နေရာမှာ ရွှေ့ပြောင်းတောင်ယာစနစ်သာလျှင်အဓိက တရားခံဖြစ်ပါတယ်။ နောက်တစ်ခုအနေနဲ့ကတော့ စည်းမဲ့ကမ်းမဲ့ ရွှေ့မျှောတိုက်တဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ အဲဒီနှစ်ခုဟာ ချင်းတွင်း၊ ဧရာဝတီအပါအဝင် ကျွန်တော်တို့ရဲ့ ရေသယံဇာတမြစ်ချောင်းများကို တိမ်ကောသွားစေနိုင်တဲ့ အဓိကအချက်ဖြစ်ပါတယ်။ တစ်ဘက်ကလည်း ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှု၊ ဖောက်ပြန်မှုများဖြစ်ပေါ်လာနိုင်ပြီးတော့မှ နိုင်ငံအားလုံး သဘာဝဘေးအန္တရာယ်များနဲ့ ပိုမိုကြုံတွေ့နေပါတယ်။ ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းကြောင့် ကြုံတွေ့ခဲ့ရတဲ့ လေဘေး၊ ရေဘေး အဲဒီအန္တရာယ်တွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ ကြိုတင်သတိပေးချက်ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ချင်းပြည်နယ်မှာမြို့နယ် ကိုးခုရှိပါတယ်။ အဲဒီ ကိုးမြို့လုံးမှာ အသေးစား၊ အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ထားလို့မို့လို့ လျှပ်စစ်ဓါတ်အားရရှိနေတယ်လို့ မြင်တွေ့နိုင်ပါတယ်။ သို့သော်ရရှိတဲ့ ဓါတ်အားပမာဏဟာ ညအလင်းရောင်အတွက်သာ အသုံးပြုနိုင်ပါတယ်။ မော်တော်ကားပြင်အလုပ်ရုံ Workshop လောက်တောင်မှသုံးစွဲဖို့ မလုံလောက်ပါဘူး။ ဒါကြောင်မို့လို့ အသေးစားစက်မှုလုပ်ငန်းများ လုပ်ကိုင်ဖို့အတွက်ကို လျှပ်စစ်ဓါတ်အားလုံလောက်မှုမရှိကြောင်းလည်း တွေ့ရှိရပါတယ်။ တစ်ဖက်က စိမ့်စမ်းရေတွေခန်းခြောက်လာမှုကြောင့် ပွင့်လင်းရာသီမှာ မြို့ရွာ၊ ရပ်ကွက်များကိုလည်းပဲ လျှပ်စစ်ဓါတ်အား အလှည့်ကျခွဲဝေသုံးစွဲပေးနေရတာကိုလည်းပဲ ကြုံတွေ့နေရပါတယ်။ တဖက်ကလည်း ဝေးလံခေါင်းပါးခြင်း၊ သယံဇာတအရင်းအမြစ်ရှားပါးခြင်း၊ စီးပွားရေးလုပ်ငန်းများမရှိခြင်းစတဲ့ အခြေခံများဟာ ကျွန်တော်တို့ချင်းပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျစေတဲ့ အဓိကအကြောင်းတရားများဖြစ်ပါတယ်။ သို့သော်လည်းပဲ ချင်းပြည်နယ်အနေနဲ့ မြင့်မားတဲ့တောင်တန်း၊ တောင်ကြောများပေါ်မှာ တည်ရှိနေတာကြောင့်မို့လို့ ရေမြေသဘာဝသာယာလှပခြင်း၊ လေထု၊ ရေထုညစ်ညမ်းမှုမရှိခြင်း၊ ရာသီဥတု ကောင်းမွန်သာယာမျှတခြင်း၊ ခြင်၊ ယင် ပိုးမွှားအန္တရာယ်ကင်းရှင်းခြင်းစတဲ့ ကောင်းမွန်တဲ့သဘာဝအခြေခံများကိုတော့ဖြင့် ရရှိထားပါတယ်။ သို့ဖြစ်၍ ချင်းပြည်နယ်ကို ဆင်းရဲနွမ်းပါးသောအခြေအနေမှ ဆွဲတင်နိုင်မယ့်လုပ်ငန်းများဖြစ်တဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်း ( Eco- Tourism)ကို ချင်းပြည်နယ်တစ်ခုလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးအောင်စီမံဆောင်ရွက်

ပေးခြင်း၊ အသေးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးလာစေရန်အတွက် လျှပ်စစ်ဓါတ်အား ဖူလုံမှုရှိအောင် စီမံပံ့ပိုးပေးခြင်း မွေးမြူရေးကိုအခြေခံတဲ့ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် လက်ရှိအခြေအနေထက်မိုပိုထောက်ပံ့ပေးခြင်း၊ အထူးသဖြင့် နွားနောက်၊ ဝက်နှင့်ဆိတ်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါတယ်။ ထို့အပြင် ပြည်ပသို့တရားမဝင် ရောင်းချမှုများကြောင့် ရှားပါးပျောက်ကွယ်သွားတော့မယ့် ချင်းတောင်သစ်ခွပန်းများကို ပြန်လည်ပြုစုပျိုးထောင်ပြီးတော့မှ တရားဝင်စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်ဖို့အတွက်ကို နတ်မတောင်အမျိုးသားဥယျာဉ်မှာ TISSUE CULTURE မျိုးပွားစခန်းတစ်ခု ဖွဲ့စည်းတည်ဆောက်ပေးခြင်း၊ ဒီနေရာမှာဆက်စပ်ရှင်းပြလိုပါတယ်။ ကျွန်တော်တို့လွန်ခဲ့တဲ့ ၂၀၀၃-၂၀၀၄ ကာလတွေကစပြီးတော့မှ ပြည်ပတရုတ်နိုင်ငံကကုန်သည်များရော၊ ပြည်တွင်းကုန်သွယ်များရော ချင်းတောင်တန်းတွေကိုရောက်လာပြီးတော့မှ သစ်ခွပန်းမှန်သမျှကို အမြစ်၊ အရိုး၊ အရွက်၊ အပွင့်မကျန် ပိသချိုန်နဲ့ အကုန်ဝယ်သွားပါတယ်။ ငါးနှစ်လောက်ဆက်တိုက်ဝယ်သွားတာမို့လို့ ခုဆိုရင် သစ်ခွတွေက တော်တော်ရှားပါးနေပြီ။ ချင်းတောင်တန်းပေါ်မှာ သစ်ခွမျိုးနွယ်စုပေါင်း ၃၀၀ ခန့် ရှိတယ်လို့သိရပါတယ်။ အဲဒီမှာ ကမ္ဘာမှာရှားပါးတဲ့ မျိုးနွယ်စုပေါင်း ၁၀၀ ခန့်လည်းပါဝင်တယ်လို့ သိရပါတယ်။ TISSUE CULTURE မျိုးပွားစခန်း တည်ဆောက်ပြီးတော့မှ သင်တန်းပေးမယ်၊ ဆင့်ပွားမယ်ဆိုလိုရှိရင် သာဓကအနေနဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံ ဖြစ်ပါတယ်။ တစ်နှစ်တစ်နှစ်ကို သစ်ခွပန်းမျိုးရောင်စုံရတဲ့ နေရာကနေပြီးတော့မှ ဒေါ်လာ ၁.၅ ဘီလီယံနဲ့ အထက် ဝင်ငွေရှိကြောင်းလည်းပဲ သတင်းများမှာမကြာခဏ တွေ့ရှိဖတ်ရှုရပါတယ်။ ဒါကြောင့်မို့လို့ သယံဇာတရှားပါးတဲ့ချင်းတောင်မှာသစ်ခွ TISSUE CULTURE မျိုးပွားစခန်းတစ်ခု ဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါတယ်။ ထိုသို့လုပ်ပေးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာလည်းရောက်ပါတယ်။

နောက်တစ်ချက်ကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ဖို့အတွက်ကို ပြုန်းတီးသွားခဲ့တဲ့ တောင်ယာဟောင်းများမှာ နှစ်လတ်နှင့် နှစ်ရှည်သီးပင်များ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်ချက်များကို စီမံပံ့ပိုးပေးဖို့ဖြစ်ပါတယ်။ ထိုလုပ်ငန်းသည် ကုန်ကျစရိတ်ကြီးမားပြီးတော့မှ နှစ်ရှည် ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်ပါတယ်။ နှစ်တို၊ နှစ်ရှည်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါမှသာလျှင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပြီးမှ မြေဆီလွှာကိုထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ မြစ်တွေ၊ ချောင်းတွေကောခြင်းမှလည်း ကာကွယ်ပေးမှာဖြစ်ပါတယ်။ သို့ပါ၍ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှုလျော့ပါးစေရန်နှင့်ဖွံ့ဖြိုး တိုးတက်လာစေဖို့အတွက် ကျွန်တော်တင်ပြခဲ့တဲ့လုပ်ငန်းများကို ဦးစားပေးတစ်ရပ်အနေဖြင့် ပြည်ထောင်စုအဆင့်မှ စီမံပံ့ပိုးဖော်ဆောင်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဒေါက်တာရိုအုပ်(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာရိုအုပ်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကန်ပက်လက် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုတင်သွင်းသွားသော ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှု လျှော့ပါးရေးအဆိုအပေါ် ထောက်ခံမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးသောအခြေအနေမှ ကယ်တင်နိုင်ရန်အတွက် အဆိုရှင် သူရဦးအောင်ကိုတင်ပြသော သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် စီမံပံ့ပိုးပေးခြင်း၊ လျှပ်စစ်ဓါတ်အား လုံလောက်အောင်စီမံဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးကိုအခြေခံသော စီးပွားရေး လုပ်ငန်းများတိုးတက်လာအောင်ဆောင်ရွက်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်စေရန်စီမံဆောင်ရွက်ပေးခြင်းစတဲ့လုပ်ငန်းများ ကျယ်ပြန့်စွာ ပါဝင်တဲ့ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဆိုကို အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်နေ့မှာ ဆွေးနွေး ပါမယ်။ ဆွေးနွေးမယ့်ကိုယ်စားလှယ်များ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အချိန်ကိုငဲ့ညာသော အားဖြင့် အတတ်နိုင်ဆုံးအတိုချုံးပြီးတော့အဆိုပြုသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်အဆိုပြုမယ့်ခေါင်းစဉ်ကတော့ ကျေးလက်ဒေသများမှာ လျှပ်စစ်မီးရရှိရေး အတွက် ဗဟိုအဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တို့မှ ကော်မတီများဖွဲ့စည်းပြီး ကျေးလက် ဒေသ လျှပ်စစ်မီးရရှိရေး အစီအမံများ ဆောင်ရွက်သွားဖို့ဆိုတဲ့ အဆိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသလျှပ်စစ်မီး (Rural Electrification)ဆိုတာ နိုင်ငံတကာမှာ ဘယ်လိုအဓိပ္ပာယ်ဖော်ထားလဲဆိုရင် ကျေးလက်နေပြည်သူများ နေအိမ်မှာ လျှပ်စစ်မီးထွန်းခြင်းနှင့် အိမ်မှုကိစ္စအဝဝသုံးစွဲခြင်း၊ ကျေးလက်မှာရှိတဲ့ အိမ်တွင်းစက်မှုပြုလုပ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး

လုပ်ငန်းများမှာ လျှပ်စာတ်အားသုံးစွဲခြင်းတို့ပါဝင်ကြောင်း သိရပါသည်။ ဒီနေ့ လျှပ်စစ်ဆိုတဲ့ ကဏ္ဍဟာ လူသားတွေအတွက် နေ့စဉ်မရှိမဖြစ်လိုအပ်တဲ့ Basic Necessities ဆိုတဲ့ အခြေအနေမှာ ရောက်ရှိလာတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ယနေ့ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့ပါးရေးဆိုတဲ့လုပ်ငန်းစဉ်ကြီးမှာလည်း ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးဟာ ပူးတွဲပါဝင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံပေါင်း ၁၈၉ နိုင်ငံပါဝင်လက်မှတ်ရေးထိုးတဲ့ ထောင်စုနှစ်စီမံကိန်းရဲ့ ရည်မှန်းချက်ဖြစ်တဲ့ သက္ကရာဇ် ၂၀၁၅ ခုနှစ်မှာ ဆင်းရဲမှုကို ထက်ဝက်လျှော့ချရေးမူအရ ဒီမူရင်းနှစ်ကို နိုင်ငံတော်တော်များများဟာ ကျေးရွာတိုင်း ကျေးရွာတိုင်းမှာ လျှပ်စစ်မီးရရှိရေးကို တစ်ပါတည်းပူးပေါင်းဆောင်ရွက်နေတာကိုကြည့်ခြင်းအားဖြင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျော့ပါးရေးဟာ ဘယ်လောက်အဆက်အသွယ်ရှိတယ်ဆိုတာ သိရှိရမှာဖြစ်ပါတယ်။ အဲဒီတော့ ၂၀၀၂ ခုနှစ်တုန်းက IEA ဆိုတဲ့ အဖွဲ့ကြီးဟာ အစီရင်ခံစာအရ ကမ္ဘာပေါ်မှာ လူဦးရေရဲ့ သန်း ၁၈၃၄.၂ သန်းဟာ လျှပ်စစ်မီးမရရှိသေးကြောင်း၊ မြန်မာနိုင်ငံမှာလည်းပဲ ဒီနှစ်က ၄၅.၃ သန်းဟာ လျှပ်စစ်မီးမရရှိသေးကြောင်း တင်ပြထားပါတယ်။ ဒီလူတွေအားလုံးဟာ ကျေးလက်က လူတွေဖြစ်တယ်လို့ သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ နိုင်ငံတော်တော်များများ ဘယ်လိုဆောင်ရွက်နေကြတာလဲဆိုတာကို အကျဉ်းချုပ်တင်ပြရရင် အိန္ဒိယနိုင်ငံမှာ Rural Electrification Corporation(R.E.C)ဆိုတဲ့ Board Corporation တည်ဆောက်ပြီးတော့ ၁၉၆၉ ခုနှစ်ကစပြီးတော့ ကျေးလက်မီးလင်းရေးကိုပဲ တစိုက်မတ်မတ် လုပ်စေခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဟာ သက္ကရာဇ် ၂၀၀၃ ခုနှစ်မှာ လျှပ်စစ်ဥပဒေကို အသစ်ပြန်လည်ရေးဆွဲခဲ့ပါတယ်။ The Electricity Act. ,2003 ဆိုပြီး နာမည်ကြီးပါတယ်။ ဒီလျှပ်စစ်ဥပဒေရဲ့ နောက်ဆက်တွဲမှာ Rural Electrification Policy ဆိုပြီးတော့ ဥပဒေကို သတ်သတ်မှတ်မှတ် ပြန်လည်ရေးဆွဲပြီးတော့ ကျေးလက်ဒေသများကို လျှပ်စစ်မီးရရှိအောင် လုပ်ပေးနိုင်ခဲ့ပါတယ်။ အဲဒီတော့ အိန္ဒိယနိုင်ငံဟာ သက္ကရာဇ် ၂၀၀၉ ခုနှစ်မှာ ကျေးရွာတွေအားလုံး မီးရရှိစေရမယ်။ သက္ကရာဇ် ၂၀၁၂ ခုနှစ်မှာ ကျေးရွာတိုင်းမှာရှိတဲ့ အိမ်ထောင်စုတိုင်းဟာ လျှပ်စစ်မီးရရှိစေရမယ်။ အဆင်းရဲဆုံးအိမ်ထောင်စုသည်ပင်လျှင် တစ်နေ့မှာ လျှပ်စစ်တစ်ယူနစ် ရရှိစေရမယ်ဆိုတဲ့ အဓိကကျတဲ့ ရည်မှန်းချက်ကြီးကို ဆောင်ရွက်နေပါတယ်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံဟာ ဆိုလို့ရှိရင်လည်း Rural Electrification Board ခေါ်တဲ့ အစိုးရဌာနကြီးတစ်ခုကို ပီပီပြင်ပြင်ဆောင်ရွက်ခဲ့ပြီးတော့ ကျေးလက်မီးလင်းရေးလုပ်ငန်းတွေကိုပဲသတ်သတ်မှတ်မှတ် ဆောင်ရွက်စေခဲ့ပါတယ်။ ဒီ REB ဟာ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လမှာ ကမ္ဘာ့ဘဏ်က အမေရိကန် ဒေါ်လာ သန်း ၁၃၀ ချေးယူခဲ့ပါတယ်။ ဒီချေးယူတဲ့ငွေနဲ့ မီးမလင်းသေးတဲ့ရွာတွေကို

ကင်းသိမ်းသဖွယ် Five Village Per Day ခေါ်တဲ့ တစ်နေ့တစ်နေ့မှာ မီးမလင်းသေးတဲ့ရွာကို ငါးရွာ၊ ငါးရွာ မီးလင်းစေရမယ် ဆိုပြီးတော့ ဘင်္ဂလားဒေ့ရှ်အစိုးရက ဆောင်ရွက်နေပြီဖြစ်ကြောင်း သက္ကရာဇ် ၂၀၂၀မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ရွာတိုင်းဟာ လျှပ်စစ်မီးရရှိစေရမယ်လို့ သူတို့ပြောထားပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ မှာလည်း မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနဲ့ JICA အဖွဲ့တို့ဟာ ၂၀၁၁ ခုနှစ်မှာ ကျေးရွာတွေကို မီးလင်းစေဖို့အတွက် ကွင်းဆင်းစစ်ဆေးခဲ့ပြီးတော့ ၂၀၁၃ ခုနှစ်မှာ အစီရင်ခံတင်သွင်းခဲ့ပါတယ်။ ဒီ JICA နဲ့ MEPE ရဲ့ အစီရင်ခံစာအရ မြန်မာနိုင်ငံရဲ့ မြို့ပြ ၇၁.၆ ရာခိုင်နှုန်းပဲ မီးလင်းနေသေးတယ်။ ကျေးရွာအုပ်စုပေါင်း ၁၃၇၉၃ ရွာရဲ့ ၁၇.၇ ရာခိုင်နှုန်းပဲ မီးလင်းခဲ့တာမို့ မြန်မာနိုင်ငံ အရှေ့တောင် အာရှနိုင်ငံများမှာ ကျေးလက်မီးလင်းမှုအနည်းဆုံး တိုင်းပြည်လို့ ဖော်ပြထားပါတယ်။ ရန်ကုန်တိုင်း ဒေသကြီးကို လျှပ်စစ်မီးရှေးဦးစွာရရှိတဲ့ ဒေသမှ ရွာ ၆၇၇ ရွာရဲ့ ၉.၉ ရာခိုင်နှုန်းသာ မီးရရှိသေးတယ်လို့ ဖော်ပြထားတဲ့အပြင် ရခိုင်ပြည်နယ်အနေနဲ့ ကျေးရွာအုပ်စုပေါင်း ၁၀၄၁ ရွာရဲ့ ၂.၃ ရာခိုင်နှုန်းရရှိခဲ့ကြောင်း ရခိုင်ပြည်နယ်သည် ပြည်နယ်တိုင်းဒေသကြီး ၁၄ ခုအတွင်းမှာ လျှပ်စစ်မီးရရှိမှု အနည်းဆုံးလို့ ဖော်ပြထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသလျှပ်စစ်မီးရရှိဖို့ ကျွန်တော်တို့ အစိုးရအနေနဲ့ အဖွဲ့အစည်းအတော်များများ ဆောင်ရွက်နေကြပါတယ်။ အလားတူကျေးလက်နေပြည်သူများကလည်း တစ်နိုင်တစ်ပိုင်မီးလင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေကြပေမယ့် သတ်သတ်မှတ်မှတ် ကြပ်မတ်ပေးမယ့်ဌာနမရှိတာရယ်၊ သူတို့ကို ကြပ်မတ်ပေးမယ့် ဥပဒေများမရှိတာ အကြောင်းတစ်ကြောင်းတို့ကြောင့် မြန်မာနိုင်ငံ ကျေးလက်လျှပ်စစ်မီးရရှိရေးဟာ အနည်းဆုံးဖြစ်နေတယ်ဆိုတဲ့ အခြေအနေ ရှိနေတာကို ကျွန်တော်ဆွေးနွေးလိုပါတယ်။ JICA နဲ့ MEPE ရဲ့ အစီရင်ခံစာကို ဆက်လက်တင်ပြထားက မြန်မာနိုင်ငံ ကျေးလက်ဒေသလျှပ်စစ်မီးရရှိဖို့အတွက် အရင်းအမြစ်များစွာပေါ်များကြောင်း အသေးစားရေအားလျှပ်စစ်ထုတ်လုပ်နိုင်တဲ့နေရာတွေ အများကြီးရှိတယ်။ ၁၀ မဂ္ဂါဝပ်ထက်သေးငယ်တဲ့ ကျေးရွာတွေအတွက် သင့်လျော်တဲ့နေရာ ၁၅၄ နေရာရှိတယ်။ ဒီနေရာတွေကို အကောင်အထည်ဖော်ရင် မဂ္ဂါဝပ် ၁၇၀ ရရှိနိုင်ဖို့ DEP လျှပ်စစ်စွမ်းအားဦးစီးဌာနရဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အခုဟာ မြန်မာနိုင်ငံဟာ ဆန်စပါးစိုက်ပျိုးရာနိုင်ငံဖြစ်သောကြောင့် တစ်နှစ်မှာ စပါးခွံတန်ချိန် ၃.၅ သန်း ထွက်တယ်လို့ သိရပါတယ်။ ၃.၅ သန်းရဲ့ ၂၀ ရာခိုင်နှုန်းမျှကိုပင် စနစ်တကျ လျှပ်စစ်ထုတ်မယ်ဆိုရင် မဂ္ဂါဝပ် ၁၂၇ ရရှိမယ်။ ဒီ ၁၂၇ မဂ္ဂါဝပ်ဆိုတာ မိသားစုတစ်စု ၈၀ ဝပ်လောက်သုံးလျှင် မိသားစု ၁.၆ သန်း လူဦးရေ ၁၀ သန်းကို မီးပေးနိုင်တယ်လို့သိရှိရပါတယ်။ နောက်ဒီအစီရင်ခံစာနှင့် ဆက်လက်ဖော်ပြထားတာက မြန်မာနိုင်ငံမှာနှစ်စဉ်သစ်တောမှ သစ်ပင်ပေါင်း ၅၄၀၀၀၀ ခုတ်လဲခဲ့တယ်။ သစ်ပင်တစ်

ပင် ခုတ်လှဲလို့ရှိရင် အကိုင်း၊ အလက်၊ အမြစ် ၂၀ ရာခိုင်နှုန်းဟာ တောထဲမှာ ဒီအတိုင်းစွန့်ပစ်ခဲ့တယ်။ မြို့ပေါ်ရောက်ပြန်တော့လည်း လွှစာနဲ့ သစ်တိုသစ်စများ တွေ့ရှိတယ်။ ဒါတွေကို အဖွဲ့အစည်းတစ်ခု စနစ်တကျ ထုတ်လုပ်မယ်ဆိုလို့ရှိရင် ကျေးလက်နေပြည်သူလူထုအတွက် လျှပ်စစ်ဓာတ်အားရရှိနိုင်ကြောင်းဖော်ပြထားပါတယ်။ နောက်တစ်ခု က Solar Energy ဆိုတဲ့ နေရောင်ခြည်စွမ်းအင်ဟာ မြန်မာနိုင်ငံမှာ အထူးကောင်းမွန်တယ်။ မြေပြန့်ဒေသမှာ လျှပ်စစ်မီးဟာ လျှပ်စစ် ၅ ယူနစ်ရရှိနိုင်ပြီး တောင်ပေါ်ဒေသမှာ ၃ ယူနစ်ကျော်လောက် ရရှိနိုင်မှာဖြစ်တာကြောင့် မြန်မာနိုင်ငံဟာ Solar Energy ဆိုတဲ့လျှပ်စစ်စနစ်ကို ကျေးရွာတွေမှာအသုံးပြုလျှင် အထူးသင့်လျော်ကြောင်းလည်းရေးထားပါတယ်။ ဒါ့အပြင် ဒီနေ့မှတ်(၂) စက်မှုဝန်ကြီးဌာနဟာ သာဂရစက်မှုဇုန်မှာ အသေးစား တာဘိုင်များ၊ ရေအား တာဘိုင်များ ထုတ်လုပ်ခြင်းနှင့် Solar Panel များ ထုတ်လုပ်ခြင်းဟာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ကျေးလက်ပြည်သူ လျှပ်စစ်မီး ရရှိရေးအတွက် အခွင့်အလမ်းများ အများကြီးရှိတယ်လို့ ကျွန်တော် နားလည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးကျွန်တော်ရဲ့ အဆိုကို ဆက်လက်ရှင်းပြရင် ဗဟိုနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာအဖွဲ့ခွဲပြီး လက်ရှိပြည်သူတွေ တစ်ပိုင်တစ်နိုင်ဆောင်ရွက်နေတဲ့ ကျေးလက်မီးလင်း ရေးလုပ်ငန်းတွေကို ကွင်းဆင်းလေ့လာရပါတယ်။ သူတို့ မလုပ်နိုင်သေးတဲ့ အချက်အလက်နဲ့ နေရာတွေကို ပိုင်းလော့ပရောဂျက်ခေါ်တဲ့ စမ်းသပ်မှုများကိုပြုလုပ်ပြီးတော့ အဖြေရှာပါတယ်။ ဒီအဖြေရှာပြီးရင် ကျွန်တော်တို့ စုပေါင်းပြီးတော့ အဖြေရှာလိုက်လို့ရှိရင် ကျွန်တော်တို့ နိုင်ငံဟာလည်း ပဲ ယနေ့အခါမှာ လျှပ်စစ်ထုတ်လုပ်ရေးမှာ အားကောင်းတဲ့အနေအထားကို ရွေ့လှမ်းဖို့ရောက်ရှိနေပါပြီ။ နောက် ၁၅ နှစ်ဆိုလို့ရှိရင် ရေအားလျှပ်စစ်စီမံကိန်းကြီးတွေ ပြီးသွားတဲ့အခါ မဂ္ဂါဝပ် ၄၀၀၀၀ ကျော် ကျွန်တော်တို့ ရရှိလာမှာဖြစ်ပါတယ်။ ဒါအတွက်ကြောင့် ကျွန်တော်တို့ဟာ စနစ်တကျ ဒါ စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်နိုင်မယ်ဆိုလျှင် အိမ်နီးချင်းနိုင်ငံတွေကျူးကျော်သလို ကျွန်တော်တို့လည်း သက္ကရာဇ် ၂၀၁၅ နဲ့ သက္ကရာဇ် ၂၀၃၀ ကြားမှာတော့ မြန်မာနိုင်ငံမှာရှိတဲ့ ကျေးရွာ တိုင်းမှာ လျှပ်စစ်မီးရရှိ အောင် ကျွန်တော်တို့ ဆောင်ရွက်နိုင်မှာမို့လို့ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးကို အခုချိန်ကစပြီးတော့ ဆောင်ရွက်ပေးသင့်ပါကြောင်း အဆိုကိုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကြည်သာရဲ့ အဆိုကိုထောက်ခံဖို့ ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဘဌေး(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေးဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့ အဆိုဖြစ်တဲ့ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအတွက် ဗဟိုအဆင့်နဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးအဆင့်တို့တွင် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်နှင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး အစီအမံများဆောင်ရွက်ပေးရန်ဆိုတဲ့ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးပေးပါရန် လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် အင်္ဂါနေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။ ထို့အတူပဲ ဒီနေ့အဆိုကို တင်သွင်းသွားတဲ့ ဦးကြည်သာအနေနဲ့လည်း အထူးအခွင့်အရေးအနေနဲ့ ဒီနေ့တင်ပြတဲ့အဆိုက မပြည့်စုံသေးဘူး။ မလုံလောက်သေးဘူးထင်လို့ရှိရင်လည်း ဆွေးနွေးမယ့်နေ့မှာ ထပ်လောင်းတင်ပြနိုင်ပါတယ်။ ဒီအဆိုဟာ တကယ်တမ်းကျတော့ တင်သွင်းလာတဲ့အခါမှာ သေချာနားထောင်တဲ့အခါမှာ အင်မတန်မှလိုအပ်တဲ့ကိစ္စတစ်ခုဖြစ်တာကြောင့်လည်း ဒါ ကျွန်တော့်ဘက်က ဒီလိုပဲ မြင်ပါတယ်။ ထို့နည်းတူစွာပဲ ဒီအဆိုကို ဆောင်ရွက်မယ်ဆိုလို့ရှိရင်လည်း ဒေသအဆင့်တိုင်းဒေသကြီးအဆင့်လောက်နဲ့ လုပ်လို့မရဘဲနဲ့ နိုင်ငံတော်စီမံကိန်းအနေနဲ့ လုပ်မှရမယ့် အနေအထားဖြစ်တဲ့အတွက် အင်မတန်မှအရေးကြီးတဲ့ အဆိုတစ်ခုဖြစ်တဲ့အတွက် အခုဆွေးနွေးတင်ပြမှုနဲ့ မလုံလောက်သေးဘူးထင်လို့ရှိရင် ဆွေးနွေးမယ့်အင်္ဂါနေ့မှာ ထပ်လောင်းအဆိုတင်သွင်း ဆွေးနွေးနိုင်ပါတယ်။ ၂း၃၀ နာရီမှာ အစည်းအဝေးရုပ်သိမ်းမယ်ပြောလို့ တချို့ဆိုလည်း ပစ္စည်းတွေသိမ်းနာရီတွေ ကြည့်နေကြပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်က ဒီလွှတ်တော်ရဲ့ သဘောတူညီချက်ရယူမယ့် ကိစ္စဖြစ်နေပါတယ်။ ဦးလွန်းသီ တင်သွင်းခဲ့တဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ဒီနေ့အစီအစဉ် ၉ မှာ ဖော်ပြ ထားရှိပါတယ်။ ဒါလည်း လွှတ်တော်ကိုယ်စားလှယ်များက ဒီအဆိုကို ရက်ရွှေ့ဆိုင်းပြီးတော့ ဆွေးနွေးမယ်ဆိုတဲ့ သဘောတူညီချက်ရမှ ဆောင်ရွက်လို့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သဘောတူညီချက် အားလုံးရှိပြီးသားဖြစ်တဲ့အတွက် ဒီအဆိုကိုတော့ နောက်ရက်ပဲ ကျွန်တော်တို့ ရွှေ့ဆိုင်းလိုက်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုအတွက်ပြင်ဆင်တဲ့ ကိုယ်စားလှယ်များရော ပြန်လည်ဖြေကြားမယ့်

ဝန်ကြီးများရော နောက်တစ်ရက်ကို ရွှေ့ဆိုင်းတယ်ဆိုတဲ့အကြောင်းလည်း ကျွန်တော်ဒီမှာ မေတ္တာရပ်ခံ ပန်ကြားလိုပါတယ်။ သို့ရာတွင် ဒီနေ့ဆွေးနွေးသွားကြတဲ့ သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်ရဲ့ ဓာတ်မြေသြဇာများကို တောင်သူလယ်သမားများ လက်လှမ်းမီသရွေ့ သင့်တော်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးပါရန် အဆိုနဲ့ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးသွားတဲ့ ကိုယ်စားလှယ် ရှစ်ဦးရဲ့ သက်ဆိုင်ရာဝန်ကြီးကိုယ်တိုင် ဒီအဆိုကိုပဲထပ်ဆင့်ပြီး ထောက်ခံဆွေးနွေးသွားတာတွေ အားလုံးကြားသိပဲ ဖြစ်ပါတယ်။ ဒီလို ဆွေးနွေးသွားကြတဲ့နေရာမှာ လုပ်ငန်းသဘာဝဆက်စပ်နေတဲ့ အတွက် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေး သို့တည်းမဟုတ် လယ်ယာထွက်ကုန်သီးနှံများ ပိုမိုထွက် ရှိပြီး လယ်ယာလုပ်သားများ ဝင်ငွေတိုးရေးနဲ့ပင်မကဘဲနဲ့ ဒီပြုပြင်ပြောင်းလဲရေးနှင့် တစ်ဆက်တည်းပဲ အခြားစီးပွားရေးပြုပြင်ပြောင်းလဲမှုများ ကုန်သွယ်ရေးမူဝါဒများ ပြီးတဲ့အခါမှာ ကျွန်တော်တို့ စက်မှု ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများပါ ပါသွားပါတယ်။ ပါသွားတဲ့အတွက်လည်း ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ အလေးထားဆောင်ရွက်ရမယ့် ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံတော်သမ္မတကြီး ဦးဆောင်ပြီး တော့ ဆောင်ရွက်နေတဲ့ ဆင်းရဲမှုလျှော့ချရေးကို ဘာနဲ့ဆောင်ရွက်မလဲဆိုရင် အလွယ်ဆုံးကတော့ ဝင်ငွေတိုးရေးလုပ်ငန်းမှတစ်ပါး ဘာမှမရှိပါဘူး။ မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့အပတ်က ဆွေးနွေးသွား သလိုပဲ တောင်သူလယ်သမား ၇၀ ရာခိုင်နှုန်းရှိတယ်ဆိုတဲ့နေရာမှာ ကျွန်တော်က ဖြည့်စွက်ပြီးတော့ တောင်သူလယ်သမားများကတော့ ၇၀ ရာခိုင်နှုန်းမရှိဘူး။ သို့ရာတွင် တောင်သူလယ်သမားတွေနဲ့ မှီခို ဆက်စပ်နေတဲ့ လူဦးရေဟာ သန်း ၇၀ ရာခိုင်နှုန်း ရှိတယ်လို့ပြောခဲ့ပါတယ်။ ဒါကြောင့် အခုဓာတ်မြေ သြဇာများကို တောင်သူလယ်သမားများ လက်လှမ်းမီသည့် သင့်တော်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်း ချပေးပါရန် သူက Circumscribe လုပ်ပါဆိုတဲ့သဘောမပါပါဘူး။ လက်လှမ်းမီသည့် သင့်တော်သည့် ဈေးနှုန်းဖြင့်ရောင်းချပေးပါရန်လို့ အဆိုနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာနယ်မြေအသီးသီးမှာ ရှိကြတဲ့ ပုဂ္ဂိုလ်များကလည်း သူတို့ဒေသမှာ ထွက်တဲ့ Gas ကို ဒီဒေသမှာ Gas ကနေတစ်ဆင့် ပြောင်းလဲသွား နိုင်တဲ့ ဓာတ်မြေသြဇာတစ်ချို့ဆိုလို့ရှိရင် ဒါ ဆက်စပ်ပြီးတော့ တင်ပြသွားတာ ရှိပါတယ်။ CNG, LPG စဖြင့်ပေါ့လေ Down See, Up See ဒီဟာတွေ ထွက်လာနိုင်ပြီးတော့ ဒီရလာတဲ့ ပစ္စည်းများဟာ မူလသဘောအတိုင်း ရောင်းလိုက်မယ့်ပစ္စည်းနဲ့စာလို့ရှိရင် တန်ကြေးတွေ မြင့်တက်လာလို့ တစ်ဦး ဆွေးနွေးသွားတာရှိပါတယ်။ ဒါဘာလည်းဆိုတော့ ဈေးကွက်တစ်နည်းအားဖြင့် ပြောမယ်ဆို ကုန်သွယ်ရေး အဲဒီမှာဆက်ပြီးတော့ Transaction Costs ဆိုပြီးတော့ ဒီလိုဆွေးနွေးသွားတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်လည်း လေ့လာရသလောက်တော့ ခုနကပြောတဲ့ L P G ဆိုတာက ကျွန်တော်တို့ ဆီကဝယ်သွားတဲ့ဂက်စ်တွေကို ထိုင်းမှာထုတ်လုပ်တယ်။ ပြီးခဲ့တဲ့အခါမှာ ဝင်ပေါက်အသီးသီးကနေ

ပုံစံအမျိုးမျိုးနဲ့ဝင်တယ်။ အောက်ကနေစပြောမယ်ဆိုရင် ကော့သောင်း၊ နောက်ပြီးတော့ မော်တောင်၊ ဒီဘက်က မှ မြဝတီ၊ အထက်ကိုတက်လာမယ်ဆိုရင် ခုနကတာချီလိတ်၊ ဒီလိုဝယ်ပြီးတော့သုံးနေရတယ်။ ကိုယ့်ဆီကသွားတုန်းကတော့ ကုန်ကြမ်းဈေးနည်းနည်းပဲရတယ်။ သူများဆီရောက်တဲ့အခါမှာကုန်ကြမ်းကနေပြီးတော့ စက်ရုံတည်တယ်။ စက်ရုံတည်တဲ့အခါမှာ ဒီကနေထွက်လာတဲ့ ကုန်ချောကို ကျွန်တော်တို့ကပြန်ဝယ်ရတယ်။ ဝယ်တဲ့အတွက် ဈေးတွေလည်းပိုပေးရတယ်။ မိမိတို့ရဲ့ ဆုံးရှုံးမှုတွေလည်း ရှိတယ်။ ဒါကြောင့်လည်း တချို့တင်ပြသွားတဲ့နေရာမှာ ဒီစက်ရုံထောင်မယ်ဆိုလို့ရှိရင် ပုဂ္ဂလိကတစ်ဦးထဲထောင်ဖို့အခက်အခဲ ရှိတယ်။ ဒါကြောင့်မို့လို့ အများ Public ကုမ္ပဏီတွေ ထူထောင်ပြီးတော့ ဆောင်ရွက်ဖို့ဆိုတာလည်း ဒီကဏ္ဍမှာဆွေးနွေးသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ တစ်ခုနဲ့တစ်ခု လုပ်ငန်းများဟာ ဆက်စပ်နေတဲ့အတွက် ဆွေးနွေးသွားတဲ့အခါမှာလည်း ဆွေးနွေးချက်များဟာ အင်မတန်မှ အသက်ဝင်ပြီးတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး၊ နိုင်ငံရေးကတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ပြုပြင်ပြောင်းလဲ ပြီးပြီလို့ပဲ ပြောရမှာဖြစ်ပါတယ်။ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအတွက် ဒီမှာတက်ရောက်လာတဲ့ ကိုယ်စားလှယ်အသီးသီးက မိမိတို့ရဲ့အမြင်များကိုအားလုံး ဝိုင်းဝန်းဆွေးနွေးလိုက်တဲ့အခါကျတော့ အမှန်တကယ်ပဲလိုအပ်နေပြီ။ လိုအပ်တဲ့နေရာမှာပြောင်းမယ်၊ ပြောင်းမယ်ဆိုပြီးတဲ့အခါမှ ပြောင်းဖို့မရဲဝံ့ဘူး၊ သတ္တိမရှိဘူးဆိုလို့ရှိရင် တဖြည်းဖြည်းနဲ့၊ တဖြည်းဖြည်းနဲ့ မိမိတို့ကျန်သွားနိုင်တယ်ဆိုတဲ့ အနေအထားကို လွှတ်တော်ကိုယ်စားလှယ်များက တင်ပြသွားတာကို ကျွန်တော်တို့ ဒီလိုပဲသဘောပေါက်ပါတယ်။ ဒီနေ့ဆိုလို့ရှိရင်လည်း ကော်မတီအသီးသီးဖွဲ့စည်းပြီးဖြစ်တဲ့အတွက် ကော်မတီအသီးသီးဟာလည်း ခုနကတင်ပြချက်တွေဟာ မိမိတို့နဲ့သက်ဆိုင်တဲ့ ကော်မတီအသီးသီးက ဒီဟာတွေအပေါ် အလေးထားလက်ခံဆွေးနွေးပြီး ဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ တကယ့်ကို ကျွန်တော်တို့ခံယူထားတဲ့ အများပြည်သူတွေအတွက်၊ ပြည်သူတွေအတွက်၊ နိုင်ငံတော်အတွက်ဆိုတာကို ဖြစ်အောင်လုပ်ပေးနိုင်တဲ့အနေအထားရှိပါတယ်။ ဒီနေ့ ကျွန်တော်တို့လွှတ်တော် ကိုယ်စားလှယ်များဟာလည်း တကယ်တမ်းကျတော့ အများပြည်သူအတွက် နိုင်ငံတော်အတွက်မှတစ်ပါး အခြားဆောင်ရွက်ပေးစရာမရှိပါဘူး။ ကျွန်တော်တို့ရဲ့တာဝန်ဟာ ဒီတာဝန်ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တောဒီမှာ အချိန်လေးကျန်နေတုန်း ဆွေးနွေးချင်တာကတော့ အခုတခါထပ်ပြီးတဲ့အခါမှာ ခုနဦးကြည်သာ၊ ဂွ၊ သူကလည်း အင်ဂျင်နီယာတစ်ယောက်ဖြစ်တယ်။ တစ်ချိန်တစ်ခါတုန်းကလည်း ဒီကိစ္စတွေလေ့လာထားတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေ ပြန်ပြီးကြည့်တဲ့အခါမှာ ဆရာဝန်တွေပါတယ်၊ အင်ဂျင်နီယာတွေပါတယ်၊ လုပ်ငန်းရှင်တွေပါတယ်၊ လုပ်ငန်းရှင်ပါတဲ့ နေရာမှာလည်း ဒီလုပ်ငန်းရှင်နဲ့ပတ်သက်လို့ ဘက်စုံ

ထောင့်စုံကပါပါတယ်။ တချို့ဆိုလို့ရှိရင် လုပ်ငန်းရှင်များမှာမှ ဆောက်လုပ်ရေး၊ နောက်တစ်ခါ စိုက်ပျိုးရေး၊ ပြီးတဲ့အခါမှာ စက်မှု၊ နောက်တခါ ရေနံနှင့် သဘာဝဓာတ်ငွေ့သက်ဆိုင်တဲ့ ဒီစီးပွားရေး လုပ်ငန်းရှင်တွေ လိုပါပဲ၊ တိုင်းနှင့်ပြည်နယ်အသီးသီးက ကိုယ့်ဒေသနဲ့ကိုယ့်အခြေအနေတွေသိတဲ့ ကိုယ်စားလှယ်များပါတဲ့အတွက် ကျွန်တော်တို့လွှတ်တော်မှာ အင်မတန်မှပြည့်စုံတဲ့ ဒီပြောမယ်ဆိုလို့ရှိရင် အခြေအမြစ် တွေအားလုံးရှိပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့တိုင်းပြည်အတွက်၊ မိမိနိုင်ငံအတွက် ဆွေးနွေးတဲ့နေရာမှာ အားလုံးပွင့်ပွင့်လင်းလင်းနဲ့ ရင်းရင်းနှီးနှီးနဲ့ဆွေးနွေးပြီးတဲ့အခါမှာ နိုင်ငံတော် အတွက်၊ နိုင်ငံသားများအတွက် အကျိုးဖြစ်ရာဖြစ်ထွန်းကြောင်း ဆက်လက်ဆွေးနွေးမှုများကိုလည်း ကျွန်တော့်အနေနဲ့ လိုလားပါတယ်။ ကြိုဆိုပါတယ်။ ဆွေးနွေးမှုနဲ့ပတ်သက်လို့ လိုလားကြိုဆိုသလိုပဲ တစ်ဘက်ကလည်း ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းနဲ့ ရင်းရင်းနှီးနှီးနဲ့ ဆောင်ရွက်သွားဖို့ပဲ တိုက်တွန်း ပါတယ်လို့ပြောကြားရင်းနဲ့ ဒီနေ့ အစည်းအဝေးကို ဒီမှာရုပ်သိမ်းပြီးတော့ လာမယ့်တနင်္လာနေ့၊ ၁၂ ရက်နေ့မနက် ၁၀း၀၀နာရီမှာ အစည်းအဝေးဆောင်ရွက်မှာဖြစ်ကြောင်းပြောကြားရင်း ဒီအစည်း အဝေးကို ရုပ်သိမ်းကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ၁၄း၃၀ နာရီအချိန်တွင်ရပ်နားပါသည်။ **]**